

ခင်ဆွေဦး

# ဝတ္ထုတို ပေါင်းချုပ် - ၂

နှစ်ဂူစံဒေဝီ

“သူတစ်ပါးတို့ သည့် မသိမ်းဆည်းအပ်ကုန်သော၊ များ စွာ ကုန်သော မိန်းမတို့ သည့် ရှိကုန်လျက် ငါသည့် သူ့မယား ကိုသာလျှင် မှီဝဲချေမိ၏ တကား”ဟု ဤသို့နောက်၌ စိုးရိမ်ရတတ်၏ ။

ညောင်ကန်ဆရာတော်

(၁)

“အခုမှ မင်းမျက်ရည်ခံထိုးနေစရာမလိုဘူးထင်တယ်၊ မင်းလိုမိန်းမ တစ်ယောက်ရဲ့ မျက်ရည်မျိုးကိုလည်း ဘာများ တန်ဖိုးထားစရာလိုတော့ သလဲဟင်၊ ဒီမှာ ဟေ့ ကိုယ်ကိုရင်းနှီးစားတဲ့ မိန်းမရှင်ကမှ မင်းထက် အ ပုံကြီးတန်ဖိုးရှိဦးမယ်”

“တော်ပါတော့ ကိုကိုရယ်၊ ဘေဘီ့အမှားကို ဘေဘီ သိပါတယ်၊ ဘေ ဘီဟာ အင်မတန် မိုက်ပါ တယ်”

“မတော်နိုင်သေးဘူး၊ ငါ့ဂမ်းထဲရှိတာတွေကို ဖွင့်ပြောရဦးမယ်၊ ခုန က ငါပြောခဲ့တဲ့ မိန်းမရှင်ကမှ လေ သူ့ရဲ့ ကာမကို ငွေနဲ့ ရောင်းစားလို့ ရ တဲ့ အတွက် မင်းထက် တန်ဖိုးရှိတယ် ပြောတာ၊ အခု မင်းကတော့ ကိုင်း ကွာ .... ကိုင်း”

ကျွန်တော်သည် အားနှင့်ပင်လွှဲ၍ သူ့အား ဆက်ကာဆက်ကာ ရိုက်နှက်နေမိသည် ။ သူ၏ ပါးစပ်နှင့် နှာခေါင်းများမှ သွေးစများ ပေကျံကာ စီးဆင်းလာသည် ။ သူသည် -"အမယ်လေး ကိုကိုရဲ့ " ဟု အော်ကာ ကျွန်တော်၏ ခြေသလုံးများကို ဖက်တွယ်လိုက်သည် ။ သူ၏ တစ်ကိုယ်လုံးမှာ ဆတ်ဆတ် တုန်နေသည် ။ သားငယ်လေး နှစ်ယောက်နှင့် အငယ်ဆုံး မိန်းကလေးတို့ သည် ရှိုက်ကာ ငိုကြသည် ။

"မေ့မေ့ကို မရိုက်ပါနဲ့ ဖေဖေရဲ့ ၊ မေမေ့ကို မရိုက်ပါနဲ့ "

သမီးအကြီးဆုံးနှင့် သားလတ်က ကျွန်တော်၏ လက်မောင်းကို မရဲတရဲ ဆွဲကိုင်ကာ ဆိုကြ သည် ။ ကျွန်တော်သည် ခြေထောက်ကို ဆွဲရုန်းလိုက်သည် ။ ကလေးများ ၏ လက်ကိုဆွဲဖယ်ကာ ပက်လက်ကုလားထိုင်ဆီသို့ သွား၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ။ တတိယသမီးသည် သူ့အမေ ကို ပွေ့ထူကာမျက်ရည်အဝိုင်းသားနှင့် သွေးစများကို လက်ကိုင်ပဝါဖြင့် သုတ်ပေးနေသည် ။ သမီး အငယ်ဆုံးသည် ကျွန်တော့်ထံမရဲတရဲကပ်လာကာ ဒူးကိုလှမ်းကိုင်သည် ။ ကျွန်တော်သည် လဲလျောင်းနေရာမှ ထ၍ ကလေးကို ပေါင်ပေါ်သို့တင်လိုက်သည် ။

"ပေပေ့....မေမေ့ကို ရိုက်ပါနဲ့ ၊ မေမေက တိပ်ယိမ်မာတယ်၊ တမီးလိုချိုးပါဘူး"

မပီတပီ အသံလေးကြားရလျှင် ကျွန်တော်၏ ရင်ထဲတွင် ပူသွားလေသည် ။

"သြော် ....သင်းတို့ လေးတွေ သူတို့ မအေကျတော့ သိတတ်လိုက်တာ၊ ဒီအဖြစ်မျိုး ဖအေသာ ဖြစ်ကြည့်စမ်း၊ မအေ့ဘက်က လိုက်ပြီး ဝိုင်းရန်တွေ့လိုက်ကြမယ့်အမျိုး၊ ကလေးများ ဟာ အဖေထက် အမေကို ပိုခင်တတ်ပါတယ်လေ၊ ဒါတောင် ဒီကောင်မဟာ ကလေးတွေရဲ့ မျက်နှာကို

မှ မထောက် မထား....တောက်.....”

ကျွန်တော်သည် သူ၏ မိုက်မှားမှုအတွက် ယူကျုံးမရဖြစ်ကာ ဒေါသ ထွက်လာမိပြန်သည် ။ သူ့အား ရက်ရက်စက်စက် ပစ်ပစ်ခါခါ လုပ်လိုက်ချင်သည် ။ အပြစ်မဲ့သော ကလေး ခြောက်ယောက်ကို လည်း ကရုဏာ သက်မိသည် ။ သည် ကလေး ခြောက်ယောက်၏ တာဝန်ကိုလည်း မိခင် အရင်းမှ အပ မည်သူမျှလည်း စိတ်ရှည်လက်ရှည် ထမ်းဆောင်နိုင်မည် မဟုတ်ပေ။ ကျွန်တော့်တွင် မထွေးနိုင် မမျိုနိုင် အဖြစ်မျိုးကို ရင်ဝယ်ပိုက်လျက် ဝဋ်ခံနေရသည် ။ ကျွန်တော် ဘာလုပ်ရမည်နည်း။

## (၂)

လူအများ ၏ ပြောသံ ဆိုသံများ သည် ကျွန်တော့်နားနှင့်မဆံ့ပေပြီ။ အချို့သော သူက ကရုဏာ နှင့် စုတ်သပ်ကြသလို အချို့သော သူက “နွားကြီး”ဟု ခပ်ရိုင်းရိုင်းပင်ဆိုကြသည် ။ ကျွန်တော် မည်သို့ ပြုလုပ်ရမည်နည်း။ မကြံပါနိုင် ယိမ်းယိုင်ခွေကာ နွမ်းရမည်လော၊ တစ်ဆင့်တက်၍ တစ်နည်းတစ်မျိုး ကြံရမည်လော။ သည် အတိုင်း ကံကို ယိုးမယ်ဖွဲ့၍ လက်ပိုက်နေရမည်လော။ ကျွန်တော်သည် တစ်နေ့ တစ်နေ့ ‘လော’ပေါင်းများ စွာ မေးခွန်းများ ထုတ်ကာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နေမိသည် ။

အဖြေထွက်ပေါ်မလာသည့် နောက်ဆုံး၌ -

ရင်တွင်း မျိုသိပ်ဖိနှိပ်ထားသော ခံစားချက်များကို လှစ်ဟဖွင့်ထုတ်ချင်သည့် ဆန္ဒမှာ ပြင်းပြလာ သည် ။ ကျွန်တော်၏ အဖြစ်ကို အများ သူငါ သိစေလိုသည် ။ သို့ အများ ပရိသတ် သိစေလိုသောအ

ခါ နည်းတစ်နည်းသာ အသုံးပြုနိုင်သည် ။ ဤကား စာပေတည်းဟူ သော ပေါင်းကူးတံတားကို ခင်းလိုက် ခြင်းပင်တည်း။ ထို့ကြောင့် ဤအဖြစ်ကို ယခု စာရေးသူမှ တစ်ဆင့် တင်ပြပါသည် ။ ဤစာရေးသူ သည် ကျွန်တော့်ထက် အသက် အတန်ပင်ငယ်ဟန်ရှိသော်လည်း သူ၏ ကလောင်လက်နက်ဖြင့် ကျွန်တော့် အဖြစ် ခံစားချက်များကို ပေါ်လွင် အောင် ဖော်ထုတ်နိုင်စွမ်းရှိမည်ဟု ထင်ပါသည် ။ အဖြစ်မဆန်းသော် လ ည်း အခန်းခန်း၌ မှန်းဆစရာ လူမှုရေး၊ အိမ်ထောင်ရေး သင်ခန်းစာများ ပါမည်ဟု လည်း ယုံကြည်ပါ သည် ။

(၃)

လေတိုက်ခတ်သဖြင့် မြစ်ပြင်သည် လှိုင်းထသွားသည့်အခါ ဓာတ်တို င်မှ မီးရောင်များ သည် ရေ အလျဉ်တွင် ရေချည်မျှင်တန်း၍ သွားလေသ ည် ။ အရှိန်နှင့် ခုတ်မောင်းလာသော မော်တော်ဘုတ်၏ စက်သံသည် တိ တ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည် ။ လတစ်ခြမ်းပဲ့သည် ရေးရေးမျှ သာ လျက်ရှိစဉ် ဓာတ်တိုင်မီးများ ၏ အင်အားမှာ လည်း ဖျော့တော့နေသဖြ င့် အမှောင်ဘက်သို့ လုသည့်နေရာမှာ များ နေတော့သည် ။ ပင်လယ်မှ တစ်ဆင့် တိုက်ခတ်လာသော လေညင်းသည် ဘဝင်ကို အေးမြစေ သည် ။

"ဩော်.....ဘာလိုလိုနဲ့ ....ဘေဘီနဲ့ ကိုကို လက်ထပ်တာ ၁၂ နှစ် တောင်ကျော်ခဲ့ပြီနော်၊ ဘေဘီ က ကိုယ့်ကိုယ်ကိုယ် ငယ်သေးတယ်လို့ ချ ည်းထင်နေတာ၊ ခုတော့ ဘေဘီလေ အသက် ၃၀ နားကပ် နေပါပကော ကိုကိုရဲ့ "

ဘောဘီသည် ကျွန်တော့်လက်မောင်းအိုးကို တွဲကိုင်ကာ ပခုံးစွန်းကိုမှီ၍ ကန္တဲ့ကလျ ပြောလိုက် သည်။ ကျွန်တော့်အနေနှင့်ကမူ ဘောဘီထက် ၁၅ နှစ်ကျော်ကျော်ခန့်လည်း ကြီး၊ လုပ်ငန်းကြီးတစ်ခုကို လည်း ဦးစီး လုပ်နေရသူလည်း ဖြစ်သောကြောင့် ဘောဘီ ကန္တဲ့ကလျမှီခိုဆွဲကိုင်ထား သော လက်ကို အသာဆွဲရုန်းမိလေသည်။ ဘေးမျက်စိ၌ အမြင်မတော် မှာ ကိုလည်း စိုးရိမ်မိသေးသည်။ ပြီးနောက် ကျွန်တော်သည် ဘောဘီ့အ ပေါ်တွင် မကျေနပ်သည့် အချက်ကလေးများ သည် ရင်တွင် ငြောင့်စူး သကဲ့သို့ အခံရခက်နေသေးသည် လည်း ရှိ၏။

“အေး ....ဟုတ်တယ် ဘောဘီ၊ ခုလို ကိုယ့်အသက်အရွယ်ကို သတိတ ရားရလာရင် အနေ အထိုင်ကိုလည်း ဆင်ခြင်ဖို့ သတိတရား ရပေတော့”

ကျောက်ဆူး ချထားသော သင်္ဘောများမှ မီးရောင်များ သည် မြစ်လ ယ်ပြင်တွင် ဝါ၍ လင်းနေ သည်။ ကောင်းကင်သည် မှုန်မှိုင်းနေသည့် အခါ ကြယ်၏ အလင်းရောင်သည် ပို၍ ပြတ်သား ကြည်လင် နေသည်။ ဗိုလ်တထောင်ဆိပ်ကမ်းသည် ခဲသားဖြင့် ခြယ်မှုန်းထားသော ပန်းချီ ကားချပ်လို သေသပ် လှပသည် ။ ရောင်စုံကားလောက် အာရုံ ထွေပြားခြင်း မရှိပေ။

“ဘယ်လို....ဘောဘီ အနေအထိုင် ဆင်ခြင်ရမယ် ဟုတ်လား.... ကို ကို”

ဘောဘီသည် အနည်းငယ် မျက်နှာပျက်သွားသလိုလို ရှိသော်လည်း ဣန္ဒြေဆည်ကာ မေးလိုက် သည်။

“အိပ်ချင်ယောင်ဆောင်တဲ့ လူ အနှိုးခက်ဆိုတာလိုလုပ်မနေပါနဲ့ ကွ ယ်၊ ကိုကိုကတော့ ဘွင်းဘွင်း ပဲ ပြောတတ်တယ်၊ မင်းနဲ့ မောင်ထွန်းတို့ နေပုံထိုင်ပုံကို ငါနည်းနည်းမှ မကြိုက်ဘူး၊ ကဲ....သိပြီလား”

ကျွန်တော်သည် စကားပြောရင်း ဒေါသထွက်လာသည်။

"ဒါ ကိုကို သက်သက်မဲ့ပြောတာပဲ၊ တကယ်ဆိုတော့ မောင်ထွန်းဟာ ကိုကို့ဘက်က တော်တဲ့ သူ၊ သူဟာ ကိုကို့တူ၊ သူ ကျောင်းနေဖို့ စားစရိတ်ကိုကိုက ထောက်ပံ့ထားရတယ်၊ သူ့မိဘက သားချင်း များ တော့ မတတ်နိုင်ဘူး၊ ကိုကိုတို့ ဘေဘီတို့ က ကြေးရတတ်ဆိုတော့ ကြည့်ပြီး ထောက်ကြတယ်၊ ပြီး တော့ ဒီကောင်လေးက ကိုကို့လက်ပေါ်ကြီးလာတဲ့ သူ ဆိုတော့ ကိုကိုက သံယောဇဉ်ရှိတယ်၊ ကျွန်မက လည်း လင်ကိုချစ်တဲ့ မယားဆိုတော့ လင်ကိုအလိုလိုက်တယ်၊ လင့်ဘက် ဆွေမျိုးကို ဂရုစိုက်တယ်၊ ကိုယ့်မောင် အရင်းလေးလိုပဲ အောက်မေ့ပါတယ်၊ ဒါကို ကိုကိုက ဘယ်လို အောက်မေ့ပြီး ဒီလိုဆိုရတာ လဲ၊ ကိုကိုရယ်"

ကျွန်တော်သည် ရင်ထဲတွင် အအောင့်ကြီး အောင့်ကာ မောင်ထွန်း၏ မျက်နှာကို မြင်ယောင် လာပြန်၏။

"အေး.....မင်းနဲ့ ငါနဲ့ အချီအချ ပြောတဲ့ စကားကိုသာ ဘေးလူတစ်ယောက်ယောက်က ကြား သွားမယ်ဆိုရင် ငါဟာ မိန်းမငယ်ငယ်လေး ယူပြီး အင်မတန်သဘောထားသေးတဲ့ လူပဲရယ်လို့ ထင်မှာ ပဲ၊ မင်းအပြောလေးကတော့ ဖြူးပါရဲ့ ကွယ်၊ ဒါပေမဲ့ မင်း နေ့ရှိသရွေ့ လုပ်နေတဲ့ အလုပ်တွေကတော့ ငါ့ရင်ကို ခြေနဲ့ စုံကန်သလိုပဲ"

"ကိုကိုက ကျွန်မကို အပြစ်ရှာနေတဲ့ သူဆိုတော့ အပြစ်ချည်း မြင်တော့တာပေါ့၊ ဘေဘီဟာ ဒါလောက် မမိုက်ပါဘူး ကိုကိုရယ်၊ စောင့်ကြည့်ပါ"

"အေး....ခုထိ စောင့်ကြည့်နေတာပဲ၊ ငါ့ရှေ့ရော ကွယ်ရာရော ရုပ်ရှင်ကြည့်ကြတာ ဘယ်နှကြိမ် လဲ၊ ပျော်ပွဲစားထွက်တာ ဘယ်နှခါလဲ၊ လင်စုံမယားစုံလို တွဲခုတ်ပြီး လမ်းသလားနေတာ ငါ လင်ကြီး က နွားလို ငုတ်

တုတ်နေရမလားကွ၊ ပြောစမ်းပါဦး၊ ဒါ အပြစ်ရှာတဲ့ သူက ရှာတာလား၊ အပြစ်လုပ်တဲ့ လူက လုပ်နေတာလား၊ တစ်ဆိတ်ကလေး စဉ်းစားပါဦး”

“ကိုကို တော်တော့နော်၊ ကိုကို့စကားက အနှောင့်အသွား မလွတ်ဘူး ၊ လင်ကြီးဆိုတဲ့ စကား သုံးတာဟာ ကျွန်မကို မျောက်မထားတဲ့ လူအောက်မေ့လို့ လား၊ ကိုကို ကျွန်မကို ကွာချင် ကွာလိုက်၊ ဒီလို မတရား မပြောနဲ့ ”

သည် တုန်းက ဘေဘီသည် ကိုယ်ထိလက်ရောက် မကျူးလွန်သေး သူဖြစ်သဖြင့် ခပ်မာမာပင် စကားရေးဆိုခဲ့သည် ။ သူ တကယ် မှားခဲ့သည့်အခါတွင် -

“မှားမိပါတယ်၊ မိုက်မိပါတယ်၊ ပေးတဲ့ အပြစ်နဲ့ ထိုက်တန်ပါတယ်”

ဟု ခြေသလုံးဖက်ကာ တောင်းပန်ခဲ့လေသည် ။ ကျွန်တော်သည် သူ့အား ပြတ်စဲရန် အကြိမ် ကြိမ် ကြံခဲ့သော်လည်း သားသမီး ခြောက်ယောက်အနက် အပျိုဖျန်းသမီးကြီး၊ ၁၀နှစ်ရွယ် သမီးလတ် နှင့် သားအငယ်တို့ က မိခင်နောက်လိုက်မည်။ မိခင်ကလည်း ခေါ်လိုသည် ဟု ဆိုကြသည် ။ သို့သော် ကျွန်တော်က သမီးများအား ပထွေးအစာ အဖြစ်မခံလိုပြီ။ သားသမီးအပေါ်တွင် ချစ်သည့်စိတ်က ပို၍ ပြင်းပြသောကြောင့်သည် အတိုင်းပင်လက်ပိုက်ကြည့်နေရသည် ။ကျွန်တော့်အားနွားဟု ဆိုကြမည်လော။

## (၄)

“မောင်ထွန်း”

“ခင်ဗျာ .....ဦးလေး”

ကျွန်တော်သည် အသံခပ်ပြာပြာနှင့် ထူးလိုက်သော မောင်ထွန်းအား ငေးမောနေမိသည် ။ အရပ်ပျပ်ပျပ်၊ အသားညိုညို၊ ဝေ့ဝိုက်၍ ကစားကာ လှုပ်ရှားတတ်သော မျက်လုံးအစုံသည် သူ၏ လည် ပတ်ခြင်း၊ လူရည်လည်ခြင်းကို ပြလျက်ရှိသည် ။ ကျွန်တော်သည် သူ့အားကြည့်ရင်း ရွံ့မုန်းလာသည် ။ယယ်စဉ်က ယုယပိုက်ထွေး မေတ္တာအပြည့်အဂဖြင့် တငွေ့ငွေ့ချစ်ခဲ့ရသည့် စိတ်ထားများ လည်း ကွယ် ပျောက်သွားတော့သည် ။

“မင်း ခု ကောလိပ်မှာ မြန်မာစာ ယူတယ်ဆိုလို့ ငါ့ကို ဒါလေးရှင်းပြစမ်းလို့ မေးမလို့ ကွ၊ သမီး ကြီး ပြုံးက ဒီနှစ် ခုနစ်တန်းမှာ သင်ရသတဲ့ ၊ အဲဒါ နားမလည်လို့ တဲ့ ”

“ဦးလေကော ကောလိပ်မှာ မြန်မာစာဂုဏ်ထူးနဲ့ အောင်ဆို”

“အေးကွာ....ဒါပေတဲ့ ငါက အဆက်ပြတ်သလို ဖြစ်နေတော့ စာတွေလည်း ပြေးပါပြီ၊ ကဲလေ မင်းပဲ ရှင်းပြပါဦး၊ ဘာတဲ့ .....ရှင်မဟာရဋ္ဌသာရရေးခဲ့တာ ‘ကာမေသုမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ခါခဏ၊ သူသတ်ကြူးသည့်၊ ဘီလူးမသို့၊ စိတ်ကမသွေ၊ ထင်မိစေ’တဲ့ ကွ”

ငထွန်းသည် မျက်နှာကွက်ခနဲပျက်သွားသည် ။ ထို့နောက် မျက်နှာထားကိုပြင်ကာ ဟန်ဆောင် ရယ်မောသည် ။

“လွယ်ပါတယ် ဦးလေးရဲ့ ၊ သူတစ်ပါးရဲ့ သားမယားကို ခဏလောက် မြင်မိရင် လူသတ်တဲ့ ဘီလူးမသဖွယ် အောက်မေ့ပါတဲ့ ၊ စိတ်က မပြစ်မှားမိစေရဘူးဆိုလိုတာပါပဲ”

“သြော် ဟော်.....ဒီလိုလား”

ကျွန်တော်သည် နှလုံးနာကြည်းသဖြင့် အော်ဟစ်ရယ်မောလိုက်မိသည် ။ ငထွန်းသည် ကျွန်တော်၏ မျက်နှာအား လန့်ဖျပ်စွာ ငေးစိုက်နေသ

ည် ။ ကျွန်တော်လည်း ငထွန်းအားပြန်၍ စိုက် ကြည့်လိုက်သည် ။ ကျွန်တော်၏ အရှိန်ပြင်းသော မျက်လုံးဒဏ်ကို ကြာရှည်မခံနိုင်ပေ။ တစ်ဖက်သို့ ငေးမောကြည့်ရှုကာ ဒူးနှန့်နှန့် ခြေနှန့်နှန့် လုပ်နေသည် ။

"အခု.....ငါတို့ မင်းတို့ လက်ထက်မှာ ဒီဘုရားဟောတို့ ပညာရှိကြီးများ ရဲ့ ဆုံးမချက်တို့ ကတော့ ပိုနေတာပဲ၊ ဒီအဖိုးတန် အဆီအနှစ်တွေကို လူတွေက ယူတတ်တာမှ မဟုတ်ဘဲလား၊ ဟုတ်တယ် မဟုတ်လားဟေ့ မောင်ထွန်း"

"ဟုတ်.....ဟုတ်ပါတယ်၊ ခုကာလ လူတွေဟာ မိုက်ကြပါတယ်"

"သိရက်ရဲ့ မိုက်တော့ ပိုဆိုးတာပေါ့၊ အပြစ်လည်း ကြီးတယ်၊ ခိုးမှုတွေထဲမှာ မယားခိုးမှုဟာ အယုတ်မာဆုံး၊ အပက်စက်ဆုံး ခိုးမှုပဲ"

ကျွန်တော်သည် ထိုင်ရာမှ ဖြုန်းဒိုင်း ထကာထွက်ခွာလာမိသည် ။ ဘာရယ်လို့ မသိ။ ကားပေါ် တက်ထိုင်လိုက်မိသည် နှင့် တစ်ပြိုင်နက် ဒရိုင်ဘာအား -

"မင်း မောင်းချင်တဲ့ ဆီသာ မောင်းကွာ" ဟု ဆိုကာ လိုက်ပါလာမိသည် ။ အိမ်တွင် ငထွန်းနှင့် မိဘေဘီတို့ နှစ်ယောက်သားကိုမျောက်ဇာတ်ခင်းကျင်းရန် အမြိုင့်သားထားခဲ့သည် ။ ကလေးတို့ မှာ ကျောင်းသွားကြ၍ အငယ်ဆုံးလေးက သူ့ဘွားအေရှိရာ ကုက္ကိုင်းခြံသို့ ပါသွားသည် ။

ကားလေးသည် တရွေ့ရွေ့ပြည်လမ်းအတိုင်း မောင်းလာတော့သည် ။ ကျွန်တော်၏ ရင်ထဲဝယ် 'သောက'လှိုင်းများ ထကြွနေသည် ။ ခုတစ်လော ငွေစာရင်းများ ပျောက်သည် ။ 'သင်းရဲ့ လင်လေးကို ပံ့ပိုးနေရမှာပဲ'ဟု တွေးကာရင်ထဲတွင် ပူသထက် ပူလာသည် ။ ကားသည် အင်းလျားကန်ရိပ်ဝယ် ထိုးရပ်လိုက်သည် ။

သစ်ရိပ်ခိုကာ ရေပြင်မှ လာ၍ဟပ်သော အအေးဓာတ်ကြောင့် သောကအပူ အနည်းငယ်မျှ အေးငြိမ်းသွားသည် ဟု ထင်မိသည် ။

"အလို.....သူဌေးမင်း၊ ဦးနှောက်လာရှင်းတယ် မှတ်တယ်"

ကျွန်တော်လည်း ကမ်းစဆီမှ လျှောက်လာသူ ဝန်ကြီးဌာနတစ်ခုမှ အတွင်းဝန် ဦးမြတ်ထွန်း အားငေးမောကြည့်ရှုကာ -

"ဩော်.....ကိုမြတ်ထွန်း၊ ရုံးမတက်ဘဲ ဒီမှာ ဘာလာလုပ်သလဲဗျ"

"နေမကောင်းလို့ ခွင့်ယူထားတယ်ဗျ၊ ပျင်းပျင်းနဲ့ ရေကသိုဏ်းလာရှုနေတာ"

ကျွန်တော်နှင့် ကိုမြတ်ထွန်းတို့ သည် ငယ်စဉ်က လည်ပင်းဖက်ကြီးလာသော မိတ်ဆွေများ ဖြစ် ကြသည် ။ သူသည် ကျွန်တော့်ထက်ဦးစွာ အိမ်ထောင်ကျခဲ့သူ ဖြစ်၍ သားကြီး သမီးကြီးများ ရှိသည် ။ သူ့ ဇနီးမှာ သူနှင့်မတိမ်းမယိမ်း ဖြစ်ကာ ခုနေအခါတွင် အိမ်တွင်းမှုကို ဦးစီးပြီး သားရေးသမီးရေးလောက် သာတွေးတတ်သော လူကြီးပိုင်းသို့ရောက်ပေပြီ။ ကိုမြတ်ထွန်းသည် အိမ်ထောင်ရေး၌ သာယာပုံပေါက် သည် ။ ပွေစားပွေလျှော် သူကသာ ပွေရှုပ်မည့်သူဖြစ်သည် ။ ကျွန်တော့်မှာ သာ မယားငယ်ငယ်နှင့် အ ခင်းအရာ ပွေနေတော့သည် ။

"နို့.....ခင်ဗျားကတော့ အလုပ်ပါးလို့ လား"

"ဆိုပါတော့ဗျာ၊ စိတ်နည်းနည်း ရှုပ်တာနဲ့ ဦးနှောက်လာရှင်းတာပါပဲ
"

ကျွန်တော်သည် စကားကို လွှတ်ခနဲထွက်သွားကာ နောက်မှ သွားသတိရသည် ။ ကိုမြတ်ထွန်း သည် အလွန်ပင် နှိုက်နှိုက်ချွတ်ချွတ် မေးတတ်သူဖြစ်သည် ။ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးလိုသည့် ဝါသနာသူ့

မှာ ရှိလေသည် ။

"အင်း.....ခင်ဗျား စိတ်ရှုပ်မှာ ပေါ့ဗျ၊ ခင်ဗျားတို့ က နှစ်ဂူစံလိုဖြစ်နေတာ"

"ဘာဗျ"

ကျွန်တော်သည် ကိုမြတ်ထွန်း၏ စကားကြောင့် ရုတ်တရက်ကြောင်သွားသည် ။

"နှစ်ဂူစံလေ....နှစ်ဂူစံ၊ ခင်ဗျား သဘောမပေါက်ဘူးထင်တယ်၊ အဲဒါ ကျုပ်အစ်ကိုရဲ့ မိတ်ဆွေ ကွယ်လွန်သူ စာရေးဆရာမဟာဆွေ ရေးသွားခဲ့တာပဲ၊ သူ့ဝတ္ထုနာမည်က နှစ်ဂူစံတဲ့ ဗျ၊ ခြင်္သေ့ထိုးစံက ဂူတစ်ဂူထဲမှာ ပဲ နေလေ့ရှိတယ်၊ အင်မတန် ထူးထွေဆန်းပြားချင်တဲ့ ခြင်္သေ့သာ ဂူနှစ်ဂူကို ကူးပြောင်း နေတယ်၊ သဘောကတော့ဗျာ....တစ်ပြိုင်နက် လင်နှစ်ယောက်ကို ပေါင်းသင်းတဲ့ မိန်းမနဲ့ နှိုင်းယှဉ်ရေး သွားတာပါပဲ၊ ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ စိတ်ဆိုးရင်လည်း ဆိုးပေတော့ ကိုသိန်းဇံရေ"

ကျွန်တော့်မှာ ဘေးကို တစ်စုံတစ်ခုနှင့် အထုခံရသလို အောင့်သွားကာ တော်တော်နှင့်စကား မပြောဘဲရှိသည် ။ ကိုမြတ်ထွန်းသည် ဤမျှတဲ့ တိုးကြီး ပြောလိမ့်မည်ဟု တစ်ခါမျှ မထင်ခဲ့မိပေ။ သည် ကိစ္စမျိုးကို ရဲရဲတင်းတင်း ကာယကံရှင်ရှေ့မှာ ပြောရဲသူမှာ မရှိသလောက်ရှားသည် ။ ကိုမြတ်ထွန်း ကတော့ မည်သူ့ကိုမျှ အားမနာတမ်းပြောတတ်သောဂသိမှာ ငယ်စဉ်ကတည်းက ဖြစ်သည် ။ သို့သော် ဤအထိ ပြောထွက်လိမ့်မည်တော့ မမျှော်လင့်ခဲ့မိပေ။

"ဒီမှာ ကိုသိန်းဇံ၊ ခင်ဗျားစိတ်ဆိုးချင်လည်း ဆိုး၊ ကျွန်တော်တော့ အမှန်းခံ ပြောရမှာ ပဲ၊ စင်စစ် မတော့ ခင်ဗျားအတွက်ပဲဗျ"

"ဟုတ်ပါတယ်.....ကျုပ်အတွက်ပါပဲ၊ ဒါပေမဲ့ ကျုပ်တို့ သိပြီးတဲ့ ကိစ္စ ဆက်မပြောရင် ပိုကောင်း လိမ့်မယ်"

ကျွန်တော်သည် ခပ်ဆတ်ဆတ်ပြောပြီး ကိုမြတ်ထွန်းကို လူမိုက်ကြည့် ကြည့်မိသည် ။ မ, စိတ်မွန်သူသည် မွေ့ပွေးနှင့် ဘာများ ခြားတော့သနည်း။ ထိုအချိန်၌ ကိုမြတ်ထွန်းက ဆက်ပြောလျှင် သူ့အားထိုးကြိတ်ရန် လက်သီးဆုပ်နှင့်ပြီးဖြစ်သည် ။ ကျွန်တော်သည် ကိုမြတ်ထွန်းအား နှုတ်ပင်မဆက် ဘဲ ခပ်ရိုင်းရိုင်း သူ့အပါးမှ ထွက်လာခဲ့မိသည် ။ ဒရိုင်ဘာသည် အလိုက်သိစွာပင်ဟိုတယ် တစ်ခု သို့ပို့ပေးသည် ။ ထို့နောက် ဘယ်သွားမည်၊ ဘယ်လာမည်ဟု မမေးဘဲ မြို့ကိုပတ်၍ မောင်းလာသည် ။

မကြာမီကားသည် အိမ်သို့ဆိုက်ရောက်လာသည် ။ ကျွန်တော်သည် ဟိုတယ်မှ ယစ်ရွှေရည် ကြောင့် ရီတီတီရှိနေသည် ။ အိမ်တွင် သားသမီးများကိုစုရုံးလျက် တွေ့ရသည် ။ သူတို့ ၏ မိခင်ကိုတော့ မတွေ့ရချေ။

"မေမေ အပြင်သွားတယ် ဖေဖေ"

ဟု သားအလတ်က လှမ်းပြောလိုက်သည် ။

"ငထွန်းနဲ့ မဟုတ်လား"

ဟု မေးလိုက်လျှင် သမီးအကြီးဆုံးသည် မျက်နှာပျက်သလို ရှိကာခေါင်းညိတ် အဖြေပေးလိုက် သည် ။

## (၅)

ကျွန်တော်တို့ ၏ အိမ်ထောင်သက် ၁၃၊ ၁၄နှစ်အတွင်း ဘေဘီအားပ

ထမဦးဆုံးအကြိမ် ရိုက်နှက်မိသည် ကား မောင်ထွန်းနှင့် သူ ပလူးနေသည် ကို ပက်ပင်းမိသည့်အချိန်ကပင် ဖြစ်သည် ။ 'မောင်လေးလိုနေတာပါ'ဟု မရွှေဘောဘီ၏ ဆင်ခြေပေးခဲ့သည် ကို အကောင်အထည်ပြနိုင်သည် မှာ ထိုနေ့က ဖြစ်သတည်း။ ရိုင်းရိုင်းပြောရလျှင် ထိုနေ့က သူတို့ အား ကျွန်တော်သည် ပိုးစိုးပက်စက်ပြော မိသည် ။ မောင်ထွန်း ညအိပ်ညနေ လာလည်သော အချိန်က ဖြစ်သည် ။ ဘယ်ပုံမိသည် ကိုတော့ ရင်နာ လွန်းသဖြင့် ဖွင့်မရေးပါရစေနှင့်၊ မောင်ထွန်းသည် ထိုအချိန်အတွင်းမှာ ပင် အောက်ထပ်သို့ ဆင်းပြေး တော့သည် ။

ထိုနေ့က ကျွန်တော့်ရင်ထဲဝယ် မီးတောက်ကာ ကြံရာမရ ဖြစ်ခဲ့သည် ။ ကလေးများ မရှိခဲ့ဘူးဆို လျှင် သင်းကို ကျွန်တော် အိမ်ပေါ်မှ ချက်ချင်း ကန်ချလိုက်မည်ဖြစ်သည် ။ သို့သော်....

အဘယ်ကြောင့် ကျွန်တော့်တွင် သားသမီး သံယောဇဉ် ဤမျှကြီးမားရသနည်း။ ကျွန်တော်၏ စိတ်ထဲ၌ သားသမီးများကို မိထွေးနှင့်မထားလို။ ပထွေးနှင့်လည်း မနေစေလို။ သားသမီး ခြောက် ယောက်အတွက် တစ်ယောက်သော ဖခင်ဖြစ်သူ ကျွန်တော်ကသာ စိတ်ဆင်းရဲခံရပါသည် ။ ဒါကို အများ သူငါက ကျွန်တော့်အား နွားဟု ကရုဏာဒေါသောနှင့် စကားကင်းဆိုသည် ။ အမှန်အတိုင်းပြော ရလျှင် မိန်းမတစ်ယောက်အတွက် ဤမျှ နွားကျရန် မလိုပါ။ ကျွန်တော်၏ ငွေနှင့်ဆိုလျှင် နုနုထွတ် ထွတ်လေးများကို ခေါင်းခေါက်ယူနိုင်ပါသည် ။ ရှိစေ.....ကျွန်တော် စိတ်ဖြေပါမည်။ ကျွန်တော့်မှာ အသက် ၄၅ နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သဖြင့် လူငယ်လို တစ်ရှူးထိုးစိတ်မရှိတော့ပါ။ အတော်အတန် သည်းခံနိုင်သော စိတ်ထားမှာ အလိုအလျောက် ရင်ဝယ် ခိုအောင်းနေပေပြီ။

တစ်နေ့......

ကျွန်တော် မမြင်ချင်၊ မကြည့်ချင်သူကို မြင်ရပြန်သည် ။ မောင်ထွန်းသည် သူ၏ ဖခင် (ကျွန်တော့် အစ်ကို တစ်ဝမ်းကွဲ)နှင့်အတူ အိမ်သို့ ပါလာပါသည် ။ ကျွန်တော်၏ အစ်ကိုတော်သူ အစ်ကိုကြီးကိုငွေထွန်းမှာ ရန်ကုန်သို့ ဘုရားဖူးလာသည် ဟု ဆိုသည် ။ ကျွန်တော့်မှာ အပြစ်မဲ့သူ အစ်ကို ကြီးအား ဧည့်ဝတ်ပြုရတော့သည် ။ ဘာမျှမဖြစ်ခဲ့သလို ဟန်ဆောင်နေရသည် ။ ဟန်ဆောင်ရလွန်း၍ ကျွန်တော်၏ ရင်ထဲတွင် တင်းကျပ်ကျပ်ကြီး ဖြစ်လာသည် ။

“ငါ လာတဲ့ ကိစ္စတော့ ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးရင်း ဆိုတာလိုပေါ့ သိန်းဇံရာ”

ကျွန်တော် ဘေဘီ၊ မောင်ထွန်းတို့ မျက်နှာစုံညီရှေ့တွင် ဤသို့ အစ်ကိုကြီးက စကားဆိုလာ သည် ။

“မင်းဟာ လူအတစ်ယောက် မဟုတ်ဘူး ဆိုတာ မင်းငယ်စဉ်ကတည်းက ငါ အကဲခတ်မိတယ်၊ သိရက်သားနဲ့ ခုလို တိတ်တိတ်ဆိတ်ဆိတ်နေနိုင်တဲ့ မင်းရဲ့ အပြုအမူကို ငါအံ့သြလို့ မဆုံးဘူး၊ ငါကတော့ သားဖြစ်ပါစေ၊ မရဘူးဟေ့၊ ဒီကောင်ကို သားလို့ လည်း အသိအမှတ် မပြုချင်ဘူး ၊ ငါတော့ အဆိပ်ကျွေးပြီး သတ်ပစ်လိုက်ချင်တဲ့ စိတ်တောင် ပေါက်လာတယ်၊ တောက်....”

အစ်ကိုကြီးသည် ဒေါသဖြစ်လွန်း၍ အသားများ ဆတ်ဆတ်တုန်နေသည် ။

“သိတာတော့ ကြာပါပြီ၊ ဒါပေမယ့် သားသမီးမျက်နှာက ရှိသေးတော့ ကျွန်တော် ဒီလိုပဲ လက် ပိုက်ကြည့်နေရတာ ပဲ၊ မတတ်နိုင်ဘူး အစ်ကိုကြီး”

"အင်း.....သားသမီး မကောင်းတော့ မိဘခေါင်းတဲ့ ၊ ငါတို့ အမျိုးထဲမှာ ဒါမျိုး တစ်ယောက်မှ မပါဘူး၊ ဆွေဂုဏ်မျိုးဂုဏ်ကို ဖျက်တဲ့ အကောင်၊ သင်း ကောလိပ်မှာ ပညာတွေသင်ပြီး ပညာဉာဏ်နဲ့ နည်းနည်းမှ ချင့်ချိန်စဉ်းစားခြင်း မရှိဘူး"

မောင်ထွန်းနှင့် ဘေဘီတို့ သည် ထသွားရကောင်းနိုး၊ ထိုင်ရကောင်းနိုး နှင့် မျက်နှာထားများမှာ အတော်ပင် ပျက်နေကြသည် ။

"နောက်ပြီး....ဘယ်သူ့ကြောင့် ဘယ်ပ့ါကြောင့်နဲ့ ကွယ်ရာမှာ တစ်ယောက် တစ်ယောက် အပြစ်ဖို့ သံကို ကြားရတယ်။ စင်စစ်မတော့ နှစ်ယောက်စလုံး မိုက်တွင်းနက်လို့ မှားကြတာပဲ၊ ငရဲအိုးထဲ နှစ်ယောက်စလုံး မိုက်တွင်းနက်လို့ မှာ ကြားတာပဲ၊ ငရဲအိုးထဲ နှစ်ယောက်စလုံး ဇောက်ထိုးဝင်မယ့် ဟာတွေ"

ဘေဘီသည် မျက်နှာကို လက်ဝါးဖြင့် အပ်ကာ ရှုက်ကြီးတငင်ငိုကြွေးကာ နေသည် ။ထို့နောက် ကျွန်တော်တို့ အပါးမှ ထွက်သွားတော့သည် ။ မောင်ထွန်းသည် ထိုင်ရာမှ ထကာ အပြင်သို့ထွက်သွား သည် ။ အစ်ကိုကြီးသည် ဒေါပွသထက် ပွကာ ညစ်ညမ်းစွာ ဆဲဆိုရင်း ကျန်ရစ်ခဲ့သည် ။

## (၆)

မရွှေဘေဘီသည် သတ္တမမြောက် ကလေးငယ်ကို ကိုယ်ဝန်ဆောင်ရပြန်ပါသည် ။ ကျွန်တော် သည် ဆေးတံကို လိုက်ကာ သူ့အား မသက်မသာ ကြည့်မိသည် ။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ် မောလိုက်မိသည် ။ ရူးသည် ဟု ဆိုချင် ဆိုကြစေ။ ရယ်မောခြင်း၌ အ

နှစ်အရသာ လုံးဝမပါ။ သရော် ၍ ရယ်လိုက်ခြင်းသာ ဖြစ်သည် ။

"အင်း.....မင်းတော့ ဒွတ္တဘောင် အလောင်းလျာလေး မွေးဖွားရဦးမှာ ပဲ"

"ကိုကို.....ကျွန်မကို ဒီလိုတော့ မထေ့ငေါ့ပါနဲ့ ၊ ခုတစ်လောမှာ ကိုကို နဲ့ သာ နေထိုင်တာပဲ မဟုတ်လား"

"အကြောင်းသိချင်း မင်းငါ့ကို ပလီမနေနဲ့ ၊ မင်း ကလေးများ လွန်းလို့ စိတ်ညစ်တယ်ဆိုပြီး ဆင် ဆင်ခြင်ခြင်နေတာ ဘယ်လောက်ကြာပြီလဲဟင်.....မင်းရဲ့ ကိုယ်စောင့်နတ်သိပါတယ်ကွ၊ ကိုယ်စောင့် နတ်တင်မကဘူး၊ မင်းအရှက်မရှိတာ လူတိုင်းသိတယ်၊ မင်းဘာပြောချင်သလဲ"

"ကိုကိုဟာ ကျွန်မအပေါ်မှာ သိပ်ရက်ရက်စက်စက် ပြောတာပဲ"

"ဘယ်သူက ရက်စက်ခံရအောင်နေသလဲ၊ တကယ်ဆိုတော့ မင်းကို သတ်ပစ်ဖို့ တောင် ကောင်း တယ်၊ မင်းအတွက်နဲ့ ငါ့မှာ ဘယ်လောက် စိတ်ဆင်းရဲသလဲ၊ နေ့ရှိသရွေ့ဟာ စိတ်သောကရောက်ရ တယ်၊ ဒီလောကကြီးမှာ မင်းရင်လည်း သေမှ ၊ ငါရင်လည်း သေမှ အေးမယ် မိဘေဘီရဲ့ "

ကျွန်တော်ဟာ အံကြိတ်ကာ စိတ်တင်းထားသော်လည်း မျက်ရည်ပေါက်များ သည် ထိုနေရာမှ ဒူးပေါ်သို့ တပေါက်ပေါက်ကျလာသည် ။ ကျွန်တော်သည် စိတ်ဆိုးစွာ မျက်ရည်များကို လက်ဖြင့် ခပ် ကြမ်းကြမ်း ပွတ်ပစ်လိုက်သည် ။ ဘေဘီသည် တရှိုက်မက်မက်နှင့် ကျွန်တော့်အား ဖက်ရန် ကြိုးစား သော်လည်း ကျွန်တော်သည် ဆောင့်တွန်းခွာထုတ်ကာ သူ့အပါးမှ ထွက်လာခဲ့သည် ။ နောက် လှေကားမှ ခြေသံပြင်းပြင်းနင်းကာ ဆင်းလာခဲ့၏ ။

"ကျွန်မလည်း သေချင်လောက်အောင် စိတ်ညစ်ပါတယ် ကိုကိုရယ်၊ ကျွန်မကို ပျော်နေတယ် မထင်ပါနဲ့ ၊ အခုနေ သေရမယ်ဆိုရင် ကျွန်မ ပျော်ပျော်ကြီး သေပါ့မယ်"

သူ၏ ရှိုက်သံသဲ့သဲ့သည် အဝေးတွင် လွင့်ပါးကာ ကျန်ရစ်သည် ။

ကျွန်တော်သည် စိတ်ညစ်ညစ်နှင့် အိမ်ကပ်သည် မရှိ။ ပဲခူးသို့ ကိစ္စနှင့် သွားရင်း သွားလာ လည်ပတ်နေလိုက်သည် ။ ကျွန်တော်တို့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင် မူ သည် သတင်းမှာ ပျံ့နှံ့ လျက်ရှိသည် ။ အပြစ်ရှိသူနှစ်ဦးကို အပြစ်ပြောရုံမက အပြစ်မဲ့သူ ကျွန်တော်ပါ'နွား' ဟု အခေါ်ခံရကာ သူများ တံတွေးခွက်တွင် သူတို့ နှစ်ဦးနှင့်အတူ ပက်လက်မျောတော့သည် ။ ကျွန်တော့်မှာ ရင်ထဲတွင် နာကြည်းလို့ မဆုံးဖြစ်ကာ ဘဝကို စိတ်နာမိသည် ။

ရန်ကုန်သို့ ပြန်ရောက်လျှင် ကျွန်တော့်မိန်းမ မီးဖွားလုနီးနေပေပြီ။ ကျွန်တော့်အား ရောက်လျှင် ရောက်ချင်း မောင်းထွန်းအစိုးရ အရာထမ်းအလုပ်တစ်နေရာ ရကြောင်း၊ သာယာဝတီသို့ ပြောင်းရွှေ့ ရကြောင်း မျက်နှာလိုအားရနှင့် ပြောလေသည် ။

"အလုပ်ရလည်း ဘာပြုလဲကွ၊ သာယာဝတီနဲ့ ဒီနဲ့ အနီးလေးပဲဟာ၊ မကြာခဏ လာပြီး တွေ့ဖို့ ချောင်ပါတယ်"

သူ၏ မျက်နှာမှာ နီမြန်းသွားသည် ။ စိတ်၏ ဒဏ်၊ ကိုယ်ဝန်၏ ဒဏ်ကြောင့် သူ၏ ရုပ်ရည်သည် အလွန်ကျလျက်ရှိသည် ။ နားထင်များချိုင့်ကာ ပါးရိုးများ ပေါ်နေသည် ။ နဂိုဖြူသော အသားမှာ ပိုးဟပ်ဖြူလို ဖျော့တော့နေချေပြီ။

ရုံဖန်ရံခါ၌ ကျွန်တော်သည် ကိုမြတ်ထွန်းပြောပြခဲ့သော 'နှစ်ဂူစံဒေဝီ'ဟု လှောင်ပြောင်သရော် တက်လေသည် ။

“အမယ်လေး ကိုကိုရဲ့ ၊ ဘေဘီကိုမုန်းရင် သတ်လိုက်ပါ၊ ဒီလိုတော့ မလှောင်ပါနဲ့ ”

ဟု လက်ကာ၍ တောင်းပန်သည် ။ ကျွန်တော်ကမူ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိသည် ။

“ကိုကို ဒီလိုကြီး ရယ်လိုက်တာ ဘေဘီ့တစ်ကိုယ်လုံးကိုအပ်ဖျားတွေနဲ့ စိုက်ထိုးလိုက်သလိုပဲ ကိုကိုရယ်၊ ဘေဘီ နောက်မမှားရအောင် နေပ့ါမယ်၊ ဒီလို အမြဲလုပ်မနေပါနဲ့ ၊ ဘေဘီ တောင်းပန်ပါ တယ်”

“အေး.....မင်းက အမြဲပဲ မမှားရတော့ပါဘူးလေး ဘာလေးနဲ့ အမြဲပြောတာပဲ၊ ဟိုတစ်နေ့က ငါ ရုပ်ရှင်သွားမယ်ဆိုပြီး နေရာမရလို့ လဟာပြင်ဈေးကို လျှောက်လာတော့ မင်းနဲ့ ငထွန်းကို တွေ့ရတာ ဘာသဘောလဲ၊ ဗိုက်ကြီး တစ်ခွဲသားနဲ့ တောင် အမှားမမြင်တဲ့ မိန်းမ၊ မင်းစကားကို ငါ ယုံရမှာ လား”

“ဒါကတော့ တမင်ချိန်းသွားရတာ မဟုတ်ပါဘူး ကိုကိုရယ်၊ ကျွန်မ လဟာပြင်ဈေးထွက်စား ရင်း သူနဲ့ သွားဆုံတာပါ”

“တော်ပါကွာ၊ မင်းရဲ့ ဆင်ခြေတွေကို ငါအယုံအကြည် မရှိဘူး”

“ဩော်....ကိုကိုဟာ ဒီတစ်သက် ကျွန်မကို ယုံတော့မှာ မဟုတ်ဘူး ထင်ပါရဲ့ ”

“အေး.....မင်းလည်း ဒီတစ်သက် ကောင်းတော့မှာ မဟုတ်ဘူး ကွ”

ဘေဘီသည် ပါးစပ်ဟကာ ကျွန်တော့်အား အငေးသား ကြည့်နေတော့သည် ။ သူ ဘာစကား ပြောပြော ကျွန်တော့်မှာ ပိတ်၍ သာ ဘုချလိုက်သည် သာ များ သည် ။

# (၇)

ထိုနေ့ ဘေဘီသည် ကိုယ်ပိုင်ဆေးတိုက်တစ်ခုတွင် မီးဖွားသည် ။ အသက်နည်းနည်း ထောက် လာပြီဖြစ်၍ မီးအဖွားရ ခက်ပေသည် ။ သူ၏ အော်ဟစ်သံသည် ဆေးတိုက်တစ်ခုလုံး ကြောက်ခမန်း လိလိ ဖြစ်သည် ။ ကလေးကလည်း ထွားဟန်တူသည် ။ တစ်နေ့နှင့်တစ်ညတိတိမှာ အော်လို့ သာ နေရ သည် ။ ကျွန်တော့်မှာ ဘယ်လောက်ပင်မုန်းသည် ဆိုဆို တာဝန်ဝတ္တရားအတိုင်း ဥပေက္ခာကြည့်မနေနိုင်၊ ညအိပ်ပျက်ခံကာ စောင့်နေရသည် ။ ဆေးတိုက်မှ ဆရာဝန်မသည် သည် မိုးသောက်မှ မီးမဖွားလျှင် ဒပ်ဖရင်ဆေးရုံကြီးသို့ ပို့၍ ခွဲကာ ကလေးထုတ်ယူရမည်ဟု ပြောလာသည် ။ ဘေဘီသည် ဇောချွေး များ ပြန်ကာ နှုတ်ခမ်းတွင် သွေးများ ဆုတ်နေချေပြီ။

နံနက် ၆ နာရီခန့်တွင် ဒပ်ဖရင်သို့ ရွှေ့ရသည် ။ ဒပ်ဖရင်တွင် ရတ်တရက်မခွဲသေးဘဲ ဆေးထိုး တန် ထိုးကာ တတ်အားသမျှ ကြိုးစားကြသည် ။ နံနက် ၉ နာရီခန့်တွင် မွေးဖွားသည် ။ သည် နေ့ကား စနေနေ့ ဖြစ်သည် ။ သားနှောင်းပင် ဖြစ်စေကာမူ စနေ နေတက်ဖွားမို့ အတော်ကလေး ကသီလင်တ ဖြစ်ခဲ့ပေသည် ။ ကလေးမှာ ထွားထွားကျိုင်းကျိုင်း သန်သန်မာမာပင် ဖြစ်သော်လည်း ညှစ်သည့်ဒဏ်၊ တိုးရသည့်ဒဏ်ကြောင့် မိနစ်ပိုင်းအတွင်းမှာ ပင် အသက်ရှူမွန်းကာ အသက်ထွက်သွားရှာသည် ။ မိခင် မှာ မောပန်းချည့်နဲ့ စွာ မှိန်း၍ နေရသည် ။ ကျွန်တော်သည် အိမ်သို့ လေးပင်စွာ ပြန်ခဲ့သည် ။

နေခြည်ဝင်း၍ ဖြာကာ တံခါးမှန်တို့ သည် နံနက်ခင်း နေရောင်ဖြင့် ပြက်စွာ တောက်ပနေသည် ။ အိမ်ရှေ့ပန်းအိုးမှ နှင်းဆီဝါပန်းတွေသည်

ရွှေရောင်ဖျန်းသဖြင့် စွင့်စွင့်ကားကားနှင့် လှပနေသည် ။ အိမ်၏ ညှော့ခန်း၌ ကလေးများ ဆော့ထားသော ယနေ့ထုတ် သတင်းစာများ ပြန့်ကျဲနေသည် ။ ကျွန်တော် သည် သတင်းစာများကို စီထပ်ကာ စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည် ။

ထိုအခိုက်......တယ်လီဖုန်းမှ အသံမြည်လာသည် ။ ကျွန်တော်သည် ဆေးရုံကထင်၍ ဘာများ အကြောင်းကိစ္စ ထူးပါလိမ့်ဟု တွေးကာ တယ်လီဖုန်းကို ကမန်းကတန်း ကောက်ကိုင်လိုက်သည် ။ မောင်ထွန်း၏ အိမ်မှ ဖြစ်သည် ။

"မောင်ထွန်းတစ်ယောက် သုံးဆယ်နားမှာ ဓားပြတွေရဲ့ အပစ်ခံရလို့ သာယာဂတီဆေးရုံမှာ ဆုံးပြီ"

မောင်ထွန်း၏ အစ်မ ဖြစ်ဟန်တူသည် ။ အသံမှာ နောက်ဆုံးတိမ်ဝင်သွားကာ ရှိုက်သံသဲ့သဲ့ကို ကြားရသည် ။ ကျွန်တော်သည် ဟယ်ခနဲဖြစ်သွားကာ ဖုန်းကိုချလိုက်သည် ။ ကျွန်တော့်မှာ ရန်ဘက်၊ မယားလုဘက်ဖြစ်၍ အမှန်ဂမ်းမြောက်ရမည် ဖြစ်သော်လည်း ရင်ထဲတွင် နင့်သလို ဖြစ်မိသည် ။ မောင် ထွန်းမှာ ငယ်စဉ်တောင်ကျေးမှ သားတစ်ယောက်လို ကျွေးမွေးသုတ်သင်လာခဲ့၍ သံယောဇဉ်ကြီးမား ခဲ့သည့်မှာ အမှန်ပင်ဖြစ်သည် ။ ဘေဘီမှာ လည်း မယားဟု ဆိုရသော်လည်း ကျွန်တော်၏ သမီး၊ တူမ အရွယ်မျှသာဖြစ်သည် ။ သူတို့ နှစ်ဦး၏ အကုသိုလ် ကြမ္မာဝင်ပုံကို စဉ်းစားဆင်ခြင်မိသည် ။

ကျွန်တော့်မှာ နှလုံးသားနူးညံ့သူ ဖြစ်ရကား သူတို့ ဒုက္ခရောက်ပြန်တော့လည်း မရှုစိမ့်နိုင်ပါ။ သို့သော်လည်း မည်သူမျှ ကံကြမ္မာကို လက်ဝါးနှင့် ဖြန့်ကာ၍ ရသည် မဟုတ်။ အားလုံးကံ၏ အကြောင်း တရားသာ ဖြစ်တော့သည် ။ ကျွန်တော့်ဇနီး၏ နှစ်ဂူစံဇာတ်လမ်း ပြီးဆုံးပြီ

ဟု ဆိုရမည်လော။ သို့သော် ကျွန်တော်၏ ဇနီးသည် ရုပ်ရည်လှပ၍ အရွယ်ကောင်းသေးသူ ဖြစ်သည် ။ မည်သူမျှ အနာဂတ်ကို မှန်းဆ၍ မပြောနိုင်ပေ။

သို့ကြောင့် ကျွန်တော်၏ ဘဝကို ကံကြမ္မာ၏ လက်တွင်းသို့ အပ်နှင်းပါ၏ ။ ကံကြမ္မာ သဘော ကျသလိုသာ စီမံပါစေလေ။ နောက်ထပ် နှစ်ဂူ စံအဖြစ်ကို ကျွန်တော်တို့ ၏ အိမ်ထောင်စုအတွင်းသို့ သွင်းရက်လိုလျှင်လည်း သွင်းလေတော့ ကံကြမ္မာ။

စင်စစ်အားဖြင့် ကျွန်တော်သည် ကံကြမ္မာကို ဒူးထောက် လက်မြှောက် အရှုံးပေးပြီး ဖြစ်သတည်း။

**မြဝတီမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၆၁ ခုနှစ်။**

* * *

## ရေစုန် ရေဆန်

## (၁)

**အပါ**

မင်းနဲ့ ခဏတွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါ။

**လွင်**

## (၂)

ခပ်သေးသေးနှင့် ခပ်သော့သော့ ကသီကရီ ရေးထားသော လက်ရေးလေးကို မြင်မိလျှင် 'ဦးစောနောင်'၏ ရင်ဝယ်ဒိတ်ခနဲ ခုန် လာလေ၏ ။ ဤလက်ရေးလေးသည် အတိတ်၏ ဘဝတစ်ခန်းကို လှစ်ဟ၍ ပြလေသော သဲလွန်စပင်တည်း။

အနီးတွင် ရှိသေစွာ ခပ်တောင့်တောင့်ရပ်နေသော ရုံးလုလင်ကိုပင် ခေတ္တမေ့ထားလျက် စာရွက်စာတမ်းကို ကိုင်ကာ အတန်ကြာ ငိုင်နေမိသည် ။ ရုံးလုလင်ကား ရှိသေစွာ ရပ်မြဲပင်တည်း။

"ဝင်ခွင့်ပြုလိုက်ပါဟေ့"

ဦးစောနောင်က သတိဝင်လာကာ ပြောမှ ရုံးလုလင်သည် အနည်းငယ်အံ့ဩသလို မျက်နှာ ထားနှင့် ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားသ

ည် ။ ဦးစောနောင်သည် မျှော်လင့်တောင့်တသော မျက် နှာဟန် အမူအရာနှင့် ဆင်နားရွက် တံခါးဝဆီသို့ ငေးမျှော်ကြည့်နေသည် ။

မကြာမီ ဆင်နားရွက်တံခါးချပ် ပွင့်လာကာ ရုံးလုလင်နောက်မှ အသားညိုညို ထောင်ထောင် မောင်းမောင်း မိန်းမတစ်ဦးမှာ ခပ်ယို့ယို့ လိုက်ပါ လာလေသည် ။ ထိုမိန်းမ၏ မျက်နှာတွင် အနှစ်နှစ် အလလက စုဆောင်းခဲ့ဟန်တူသော အပြုံးပန်းများ လှိုင်လှိုင် ပွင့်နေလေသည် ။ အနည်းငယ် ကော့၍ ကြီးမားသော သွားများ ပေါ်အောင် နှုတ်ဟ ပြုံးချိုကာ ခြေလှမ်းခပ်သွက်သွက် လှမ်း လာလေသည် ။

“ဟေး.....လွင်”

“အပါရယ်၊ မင်းနဲ့ တွေ့မှ တွေ့ရပ့ါမလားလို့ လွင် စိတ်ပူလိုက်ရတာ အမောပဲ၊ မင်းအောက်က လူတွေက သိပ်ကြီးကျယ်တာပဲ၊ လွင့်မှာ ဇောချွေးပြန်အောင် ပြောယူရတယ်၊ ဒီစာလေးသာ ပြစမ်းပါ၊ ရှင်တို့ ဦးစောနောင်က ကျွန်မကို တွေ့ခွင့်ပေးပါလိမ့်မယ်လို့ တောင်းပန်လိုက်ရတာ ဆိုတာ မပြောနဲ့ ”

လွင် ဆိုသူ မိန်းမက အသက်မရှူနိုင်ဘဲ သူ လိုရာကို ဒိုးဒိုးဒေါက်ဒေါက်နှင့် ပြောချလိုက်၏ ။

“ကဲ....ထိုင်ပါဦးလေ၊ အေးအေးဆေးဆေး စကားပြောကြတာပေ့ါ”

လွင်သည် ကုလားထိုင်ပေါ်သို့ ခပ်ဆောင့်ဆောင့် ထိုင်ချကာ -

“တကတဲတော်....မင်းဆီကို လာရတာ စိတ်ကုန်ပါတယ်၊ မင်းလူတွေကလည်း သိပ်ကျယ်တာ၊ ဆင်ဟဝါကျနေတာပဲ၊ ကန်တော့ပါသေးရဲ့ ”

“သူတို့ ကလည်း တာဝန်အရ လုပ်ရတာ လွင်ရဲ့ ၊ လူက အမျိုးမျိုး အ

စားအစား မဟုတ်လား၊ တွေ့ချင်တဲ့ လူက သိပ်များ တော့ တချို့က အရည်မရ အဖတ်မရနဲ့ လာနေတော့ ဒီလိုပဲစစ်ရတာ ပေါ့၊ စိတ်မရှိပါနဲ့ လွင်ရာ”

ဦးစောနောင်က ပြုံးလျက် နှစ်သိမ့်လိုက်၏ ။ ဦးစောနောင်၏ အပြုံးသည် ငယ်စဉ်ကကဲ့သို့ပင် နှစ်လိုဖွယ်ရှိသည် ဟု လွင်က တွေးကာ မကျေမနပ် ခိုးလိုးခုလုစိတ်မျှး ပပျောက်သွားလေသည် ။

“စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး၊ ခုတော့ လွင်က မင်းကို ပြန်တောင်အားနာနေ ပြီ၊ မင်းက သိပ်အလုပ်များ တဲ့ လူ ဟုတ်လား၊ ခုလို အနှောင့်အယှက်ပေးတာ စိတ်မကောင်းပါဘူး”

“အို.....ကိစ္စမရှိပါဘူး လွင်၊ ခုလို တွေ့ရတာ ကိုယ် ဘယ်လောက်ဝမ်းသာတယ်မှတ်သလဲ”

“လွင်ကလည်း တွေ့ချင်လွန်းလို့ လာတာပါပဲ၊ ကိုယ့်သူငယ်ချင်း ကောင်းစားနေတယ်ဆိုတော့ ဝမ်းလည်း သာ......ဂုဏ်လည်း ယူပါတယ် ၊ မင်းဆီကို ဝင်ခွင့်တောင်းတော့ လွင်အစက ‘အတွင်းဝန် မင်း ဦးစောနောင်ရှင့်၊ အရေးကြီးသည့်ကိစ္စနဲ့ ခေတ္တတွေ့ပါရစေရှင့်’လို့ တရိုတသေ ရေးရမှာ လား စိတ်ကူးမိသေးတယ်၊ နောက်တော့၊ ဟယ်....မင်း စိတ်ဆိုးချင်လည်း ဆိုး၊ ငယ်ငယ်တုန်းကအတိုင်းပဲ ဆက်ဆံမယ်ဆိုပြီး.....”

“ဘာစိတ်ဆိုးစရာရှိလဲ လွင်၊ လွင် ဒီလို ရေးလိုက်တာ ကိုယ်တော့ သိပ်သဘောကျတာပဲ”

“သဘောကျတယ်လား”

“အင်းလေး....ခုနေအခါမှာ ကိုယ့်ကိုဘယ်သူကမှ လည်း အပါလို့ မ

ခေါ်ဘူး၊ ဝန်မင်း ခေါ်လိုခေါ်၊ ဆရာ ခေါ်လိုခေါ်၊ အတွင်းဝန်မင်း ခေါ်လိုခေါ်၊ ကိုယ့်ကွယ်ရာကျတော့ သူတို့ က ကိုယ့်ကို အဘိုးကြီး တဲ့ ကွ၊ ခုလို လွင်က ကိုယ့်ကို အပါ ခေါ်တော့ ကိုယ့်မှာ အနှစ် ၂၀ လောက်နုပျိုသွားသလိုလို"

"နုချင်လည်း လွန်ခဲ့တဲ့ အနှစ် ၂၀ ကတော့ ကုန်ခဲ့ပါပြီ အပါရ"

"ဒါတော့ ဒါပေါ့လေ၊ ကိုယ့်မယ် ဆံပင် လေး ငါး ဆယ်ချောင်းတောင် ဖြူချင်ပြီ"

ဦးစောနောင်က ဗိုလ်ကေဆံစကို ညာလက်နှင့် လှန်သပ်လျက် ပြောလိုက်၏။ ထို့နောက် 'လွင့်' အား အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။ လွင် ဆိုသည့် ရုပ်ဒြပ်တွင် ငယ်စဉ်က နုပျိုခဲ့သော အသွင် များ လည်း ရေးရေးမှ မထင်ပေပြီ။

'လွင့်ကို ဒါလောက်ဘာလို့ ငေးကြည့်နေရတာ လဲ အပါရ"

"လွင့်မှာ အရင်ကရုပ်မျိုး မရှိတော့ဘူး၊ အနှစ် ၂၀ အတွင်း ရုပ်တွေဟာ တယ်ပြောင်းလဲတာပဲ"

"လွင့်ရုပ်က သိပ်ကျနေပြီ မဟုတ်လား"

"သိပ်ကျတယ်ရယ်တော့ မဟုတ်ပါဘူး၊ သူ့အသက်နဲ့ သူကိုး"

"အမယ်လေး အပါရာ၊ ရုပ်ကျတာများ ဆန်းသလား၊ အဘွားကြီးက အဘွားကြီးပဲပေါ့၊ ခု လွင့် အသက် ၄၆ နှစ်ရှိသွားပြီရှင့်၊ အပါနဲ့ လွင်နဲ့ ဆို ဘယ်လောက် ကွာသလဲ၊ အပါက လေးလလား ကြီးတယ် ထင်တယ်"

"ဟုတ်တယ်၊ ကိုယ်က လေးလ ကြီးတယ်"

"ဒါပေမဲ့ အပါက နုပျိုပါတယ်"

“ကိုယ်က နတယ်လား”

“ရုပ်က နုတဲ့ အပြင် အသားအရေဟာ စိုပြီးဝင်းနေတာပဲ၊ ငယ်ငယ် ကထက်တောင် လှနေ သေး”

“အလဲ့.....”

ဦးစောနောင်သည် မျက်ခုံးများ ပင့်ကာ မျက်စချီ လိုက်လေသည် ။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ခပ်ဖိုင့်ဖိုင့်နှင့် ခံ့ထည်သော ကိုယ်လုံးကိုယ် ထည်ရှိသည့် ဦးစောနောင်၏ မျက်နှာမှာ မူ နုနယ်ပျိုမျစ်ဆဲ ပင်တည်း။ စိမ်းမှောင်၍ နေအောင် မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးတို့ ကို ရိတ်ထား သော မျက်နှာမှာ ကျက်သရေဆောင်လျက် ရှိလေသည် ။

ရှမ်းအမျိုးသား မျက်နှာလိုလိုပြားသော အရိုးအဆက်၊ အနည်းငယ် ကျဉ်းသော မျက်လုံးအိမ်ရှိ သော်လည်း စင်စစ်ဦးစောနောင်မှာ ရှမ်းသွေးတစ်စက်မျှပင် မပါပေ။ အညာဒေသ မြန်မာမျိုးရိုးစဉ်ဆက် မှ ပေါက်ဖွားလာသူပင်တည်း။ ‘စောနောင်’ ဟူသော အမည်မှာ ဂျပန်တော် လှန်ရေးအတွင်းက မိမိ ဘာသာနှစ်သက်စွာ မှ ည့်ထားသောအမည်ဖြစ် လေ၏ ။

“အနှစ် ၂၀ လွန်မြောက်ခဲ့ပေတဲ့ အပါရဲ့ စိတ်က မပြောင်းမလဲဘဲ ရှိ နေတာ လွင် ဝမ်းသာပါ တယ်”

“ဘာပြောင်းစရာ ရှိလဲ လွင်၊ အပါဟာ အပါပဲပေါ့”

“အပါသာ မပြောင်းရင် ရှိရမယ်၊ လူတွေ ပြောင်းလဲတာတော့ အမှန် ပဲ၊ အပ့ါလက်အောက်က ညွန့်သိန်း ကြည့်ပါလား၊ ဘယ်လောက် ပြောင်း လဲနေသလဲ၊ လမ်းတွေ့ရင် လူကို မသိသလိုလို၊ မမြင် ဖူးသလိုလိုနဲ့ ”

“သြော်.....လွင်က ဒီကောင်ကို စကားထဲထည့်ပြောနေ၊ ဒီကောင်

ဟာ မူလကတည်းကမှ စိတ် မမှန်တဲ့ ကောင်ပဲ”

“ကိုင်း….ဒါတွေ ထားပါတော့ လွင် လာတဲ့ ကိစ္စ ပြောရဦးမယ်”

“ဟော….ခုမှ ပေါ်တယ်၊ လွင်က ကိုယ့်ဆီကို ကိစ္စရှိလို့ လာတာပေါ့၊ စောစောက တွေ့ချင် လွန်းလို့ လာတာဆို”

“တွေ့ချင်လို့ လည်း လာတာပေါ့ အပါရယ်၊ ကိစ္စက ဒီလိုလေ၊ ဦး သောဘိတက အပါယူသွားတဲ့ ဝိသုဒ္ဓိမဂ်ကျမ်းစာအုပ်ကို ဝင်ယူခဲ့ပါတဲ့ ၊ ပြီးတော့ အပ့ါလက်ထဲ ဆက်ဆက်ရောက်အောင် ပေးပါဆိုပြီး စာရယ်၊ ပျားရည်ပုလင်းရယ် ပေး လိုက်လေရဲ့ ဟောဒီမှာ ”

လွင်က လွယ်ထားသော ကချင်လွယ်အိတ်အနီထဲမှ စာနှင့် ပျားရည် ပုလင်းကို ထုတ်ကာ ဦးစောနောင်အား ပေး လိုက်လေသည် ။ ဦးစော နောင်က စာနှင့် ပျားရည်ပုလင်းကို လှမ်းယူပြီး -

“ပျားရည် ရတာ အတော်ပဲ၊ ကိုယ် မနက်တိုင်း သောက်နေတာ”

“ဒါလောက် ဂနေတာ ဘာလုပ်ဖို့ ပျားရည် သောက်ရတာ တုံး”

“ကျန်းလည်း ကျန်းမာ၊ ဂမ်းလည်း မှန်အောင်လေ”

“အပါရယ်၊ နိုင်ငံခြားဆေးတွေ ဒါလောက် ပေါရက်သားနဲ့ များ ”

“ကိုယ်ကတော့ ဗမာ့ရိုးရာဆေးနဲ့ အာဟာရကို အတော်အားကိုးပါ တယ်”

“ဩော်….အပါ အပါ”

“ညည်းညည်းညူညူ ရှိပါဘိ လွင်ရာ”

“အပ့ါကို လေးစားလွန်းလို့ ပါ အပါရယ်၊ အပါဟာ အရက်လည်း မ သောက်တတ်ဘူး၊ ဆေးလိပ် လည်း မသောက်တတ်ဘူး၊ ရိုးလိုက်တာက

လည်း အရင်လိုပဲတဲ့ ၊ ထမင်းစားပြီး အချိုအချဉ်တောင် မစားတတ်ဘူး လို့ လူပြောသူပြောနဲ့ အပ့ါသတင်းတွေကို လွင် ကြားနေရပါတယ်”

ဦးစောနောင်သည် ပြုံး၍ နေသည် ။ ပြီးနောက် နှစ်ယောက်သား အတွေးကိုယ်စီနှင့် တိတ်ဆိတ် နေကြသည် ။ ဦးစောနောင်၏ မျက်စိထဲတွင် ကား အသားညိုစိမ်းစိမ်း သေးသွယ်နွဲ့နောင်းသော ကိုယ် ဟန်ရှိသည့် ငယ်စဉ်က လွင်၏ ယဉ်စစ အလှအပကို တွေးမြင်မိလေသည် ။ ယခု တော့မူ လွင့်အသွင် သည် ရင့်ရော်၍ နေပေပြီ။

လွင်သည် ငယ်စဉ်ကထက်စာလျှင် အသားတွေ ညိုရင့်ကာ ကိုယ်ဟန်ဖိုင့်တိုင့်တိုင့် ဖြစ်နေ သည် ။ ခုံးမျက်စ မျက်ခုံးနှင့် ရွှေသမင်လို အလှထူးသည့် မျက်လုံး၊ မျက်ဖန်သည် သာလျှင် အလှတံဆိပ် အဖြစ် ရေးရေးမျှ ကျန်ရစ်သည် ။

“ကိုယ်လည်း လွင့်သတင်းတွေ ကြားနေတယ်၊ လွင့်လူနဲ့ လွင် ကွဲတယ်ဆို”

လွင်သည် မျက်ရည်များ ဝိုင်းလျက် ခေါင်းညိတ်ပြ လိုက်လေသည် ။

“ကိုယ့်လက်ထဲ မိန်းမတစ်ယောက်နဲ့ ဖောက်ပြန်လို့ လွင်ကိုယ်တိုင် ပြတ်ပြတ်စဲစဲ လုပ်လိုက် တယ်၊ မင်း သိတဲ့ အတိုင်းပဲ အပါ၊ လွင်ဟာ တစ်လင်တစ်မယားစနစ်ကိုပဲ အမြဲထောက်ခံတယ်ဆိုတာ”

“တစ်လင် တစ်မယားစနစ်အကြောင်းကို လွင် အာရှလူငယ်အသင်း တိုက်မှာ ဒေါ်နဲ့ မောနဲ့ ပြော ခဲ့တာ ကိုယ် သတိရသေးတယ်”

ဦးစောနောင်က ပြုံးစိစိနဲ့ မေးလိုက်၏ ။ လွင်သည် ပန်းလျှသော အသွင်ပျောက်ကာ ပြုံးလိုက် လေသည် ။

“ဒီတုန်းက လွင် မခံချင်မှန်း သိလေလေ အပါက စ,လေလေနဲ့ ၊ လွင်

စိတ်ဆိုးပြီး အပ့ါကို စကားမပြောတာ ဘယ်နှရက်လဲ”

“အေးကွာ.....လွင် ဒီတုန်းက ကိုယ့်ကို စိတ်ကောက်နေတာ အတော်ကိုကြာတယ်၊ ကိုယ့်မှာ ချော့လိုက်ရတာ ၊ လွင်ပြောတဲ့ စကားတွေဟာ နည်းလမ်းကျပါတယ်၊ ခုတော့ လွင့်ကိုချီးကျူးစရာလည်း ဖြစ်ပြန်ပြီ၊ လွင်ဟာ အပြောနဲ့ အဟောနဲ့ ညီအောင် ပြတ်ပြတ်သားသားလည်း ရှိတယ်”

ဦးစောနောင်က လှိုက်လှဲစွာ ချီးကျူးစကားဆိုသောအခါ လွင်သည် ဝဲချင်ချင် မျက်ရည်စနှင့် တစ်ဖက်သို့ လှည့်ငေးနေသည် ။

“ပြတ်သားရတာ လွယ်တယ် မထင်နဲ့ အပါ၊ ဘဂကို ရင်ဆိုင်ရတာ ပဲ ၊ လွင့်မှာ ကလေး သုံးယောက်နဲ့ ၊ ဒီကလေး သုံးယောက် တာဝန်ကိုဖြစ်သလို ထမ်းခဲ့ရတာ ၊ ခုဆို သားအကြီးကိုကောလိပ် ပို့ရပြီး သမီးအလတ်က ဆယ်တန်း၊ သားအငယ်ဆုံးက ၇ တန်း”

“သြော်.....သြော်”

သည် တစ်ခါ ငေးရသူကား ဦးစောနောင်ပင်တည်း။

“ဆွေမျိုးတွေကတော့ လွင့်ကို မိုက်တယ်လို့ ဆိုကြတယ်၊ မာနကြီးတယ်လို့ ပြောကြတယ်၊ လွင့် အနေနဲ့ ကတော့ တမျှဉ်းမျှဉ်းနဲ့ စိတ်ဆင်းရဲမခံနိုင်ဘူး အပါ၊ အသည်းကွဲစရာရှိ ဝုန်းဒိုင်းကွဲသွားလိုက် ပြီး ရော၊ ဘေးပတ်ဝန်းကျင်ဆိုတာအပြောပဲရှိတာ၊ ဘယ်သူမှ လွင့်ကို ကူညီနိုင်တာ မဟုတ်ဘူး အပါ၊ လွင့် စိတ်ဒုက္ခ လွင်သာ သိပါတယ်”

လွင်က မျက်ရည်စ တဝေဝေနှင့် ပြောပြီးနောက် အတန်ကြာ နှုတ်ဆိတ်နေ၏ ။ ဦးစောနောင် ကိုယ်တိုင်လည်း သက်ပြင်းအထပ်ထပ်ချလျက် ငိုင်နေမိသည် ။

လူ့ဘဂလမ်းကြောင်းသည် ရေစီးနှင့်တူပေသည် တကား။ လှိုင်းအ

ထပ်ထပ် ပုတ်ခြင်းကိုခံရ တတ်သည် ။ ကျောက်ဆောင် ကျောက်ကမ်းပါးများ နှင့်လည်း ရင်ဆိုင်ရလေသည် ။ ဂဲဂယက်တို့ ၏ အလယ်တွင် လည်း မိနေတတ်သည် ။ မုန်တိုင်း ထန် လာပြီဆိုလျှင် တော့ ဘဂရေစီးကြောင်းသည် အဘယ်မှာ လျှင် ဖြူးဖြောင့်ပါအံ့နည်း။ ဦးစောနောင်သည် အကြောင်းများကို ဆက်၍ မတွေးလိုပေ။ စကားကို လှီးလွှဲလိုဟန်နှင့်.....

"လွင့်မှာ သတ္တိရှိတယ်ဆိုတာ ကိုယ် သိပါတယ်လေ၊ ဒီသတ္တိအတွက် လွင် ဂုဏ်ယူလိုက်စမ်းပါ၊ ခု ကိုယ်လည်း လွင် လာတွေ့တာ သိပ်ပျော် တာပဲ၊ ခဏခဏ လာတွေ့နော်၊ ကိုယ့်ကို အပါလို့ ခေါ်တာ လွင်ရယ်၊ သ က်ဆွေရယ်၊ ဒါပဲ"

"သက်ဆွေ ဆိုတာ ဘယ်သူလဲ"

လွင်က ကောက်ကာငင်ကာ မေး လိုက်လေသည် ။

"သက်ဆွေက ကြီးနာမည်ပဲ၊ ကိုယ် မေ့နေလိုက်တာ၊ သူ့နာမည်က သာဒင်လေ"

"သြော်....ကိုသာဒင်ကြီးလား၊ သူနဲ့ တော့ လွင် ခဏခဏ တွေ့သား ပဲ၊ သူက စာရေးဆရာကြီး ဖြစ်နေပြီ၊ ပုံနှိပ်စက်အပိုင်တွေ ဘာတွေနဲ့ ၊ သူနဲ့ လွင်နဲ့ တောင် အပဲ့အကြောင်း မကြာခဏ ပြောကြ သေးတယ်"

"ကိုယ့်အကြောင်း ဘာတွေများ ပြောသလဲ"

"စုံလို့ ပေါ့၊ ဟိုတုန်းက အပါဟာ သိပ်နုတဲ့ အကြောင်း၊ ကိုသာဒင်က သိပ်ကြမ်းတယ် ဆိုတဲ့ အကြောင်း၊ နောက်တော့ ပြောင်းလဲလာလိုက် တာ သိပ်နုခဲ့တဲ့ လူဟာ သိပ်ကြမ်းတဲ့ လူ ဖြစ် လာပြီး သိပ် ကြမ်းခဲ့တဲ့ လူ ဟာ သိပ်နုတဲ့ လူ ဖြစ်လာတယ် ဆိုတဲ့ အကြောင်းတွေပေါ့"

“သြော် သြော်.....”

ဦးစောနောင်သည် ငယ်စဉ်က အဖြစ်များကို သတိရကာ ခပ်သဲ့သဲ့ ရယ်မောနေသည် ။ ထို့ နောက် သူနှင့် လွင်တို့ သည် ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ကြသည် ။ ငယ်စဉ်ဘဝကို တမ်းတရသည် မှာ ပျော်ရွှင်ကြည်နူးစရာ ပင်တည်း။

လွင်သည် အတော်ကြာမှ ဦးစောနောင်အား နှုတ်ဆက်ကာ ထပြန်သည် ။ လွင်သည် ဦးစောနောင်အား နှုတ်ဆက်စကားတစ်ခွန်း ဆိုခဲ့သေးသည် ။

“အပါ.....မင်းမိန်းမ မျက်ရည်ကျအောင် ဘယ်တော့မှ မလုပ်နဲ့ နော်၊ လွင် ဆိုလိုတာက ဘယ်တော့မှ မဖောက်ပြန်နဲ့ ကွ၊ သိလား”

“စိတ်ချပါ၊ ကိုယ့်ဘဝမှာ ကိုယ့်မိန်းမဟာ ဒီအတွက် မျက်ရည်မကျစေရပါဘူး၊ ကိုယ်တို့ ခေတ်မှာ ဒီလို ဖောက်ပြန်တာကို အားမပေးဘူးလို့လည်း ကိုယ် ယုံကြည်တယ်”

ဦးစောနောင်၏ မျက်နှာတွင် အမြဲ သန့်လျက်ရှိသော အပြုံးရိပ်များ ပျောက်ကွယ်ကာ တည်တည်ကြည်ကြည် စကားဆို လိုက်လေသည် ။

## (၃)

လွင်သည် အိမ်သို့ ပြန်လာရာ လမ်းတစ်လျှောက်လုံးတွင် အပါခေါ် ဦးစောနောင်၏ အကြောင်း ကို တွေး လာလေသည် ။

အပါနှင့်လွင်တို့ သည် ခြံချင်းကပ်လျက် ခြံနီးချင်းများ ဖြစ်ကြသည် ။ ကိုသာဒင်မှာ လွင်တို့ နှင့် နှစ်အိမ်ကြားတွင် နေ၏ ။ အပါ၏ မိဘများ သ

ည် ကြေးရတတ်များ ဖြစ်သည် ။ လွင်က မရှိ မရှားဆိုသလို ဖြစ်ကာ ကို သာဒင်တို့ က ဆင်းရဲနွမ်းပါးလေသည် ။

သူငယ်ချင်း သုံးယောက်သည် ကျောင်းသို့ အတူသွား အတူလာဖြစ် သည် ။ နေရှင်နယ် ဟိုက် စကူးကျောင်းတွင် အပါနှင့် သာဒင်တို့ မှာ တ တွဲတွဲဖြစ်လေသည် ။ အပါက ဂဏန်းသင်္ချာနှင့် အင်္ဂလိပ်စာ တော်သလို သာဒင်ကလည်း ဂဏန်းသင်္ချာနှင့် မြန်မာစာတော်လေသည် ။ အပါက ပ ထမရလျှင် သာဒင်က ဒုတိယ။ လွင်က အမြဲပင် တတိယနေရာကို လိုင် စင်ခံထားသူပင်တည်း။

အပါ ခပ်ငယ်ငယ်ကဆိုလျှင် အလွန်ကြောက်တတ်သည် ။ ပုဆိုး လေးကို ကျစ်ကျစ်ပါအောင် ဝတ်လျက် နှပ်တရှုံ့ရှုံ့နှင့် လူတကာ၏ အနို င်ကျင့်ခြင်းကို ခံရလေသည် ။ သဘောသကာယလည်း အလွန်ကောင်း သဖြင့် သူ့တွင် ပါလာသော မုန့်ဖိုး တစ်မူးမှာ အပေါင်းအသင်းကို ကျွေး ရသည် နှင့် ကုန်သည် ။ ထိုစဉ်က တစ်နေ့ တစ်မူး ရသူမှာ ဘုရင်ခံသား နီးပါးလောက် မျက်နှာလှသည် ။

လွင်ကမူ သူ ရသည့် တစ်နေ့ တစ်ပြားမျှ အသပြာကို ကျစ်ကျစ်ပါ အောင် လိမ်လျက် အပါ ကျွေးသမျှ စားသည် ။ သာဒင်ကမူ သူ နေ့စဉ်ချိုု င့်နှင့် ထည့်ယူလာသော ပဲပြုတ်နှင့် ထမင်းကြော်ကို သွန်ပစ်ကာ အပါ ကျွေးသော နန်းကြီးမုန့်တီကို မြိန်ရေရှက်ရေ စားလေ့ရှိလေသည် ။ ငယ် ငယ်က အပါ ပျော့ညံ့သည် မှာ ပြောစရာ မရှိပေ။ မကြာခဏပင် အပါသ ည် တရှုပ်ရှုပ် ငို လာလေ့ရှိလေသည် ။

“အပါ ဘာဖြစ်လာသလဲ”

ချက်ဆိုလျှင် နားခွက်က မီးတောက်သော သာဒင်က မေး လိုက်လေ သည် ။

“ဟိုကောင်တွေပေါ့ ငါ့ကို …..ငါ့ကို”

အပါက ငိုသံပါကြီးနှင့် ဗလုံးဗထွေး ပြော လိုက်လေသည် ။

သာဒင်သည် ငယ်စဉ်ကမူ ဘယ်သူနှင့် ရန်ဖြစ်ဖြစ် ငပွကြီးပင်တည်း ။ အပါ အထိုးအကြိတ် ခံရပြီဆိုလျှင် အပ့ါအတွက် သံတုတ်၊ ဝါးရင်းတုတ်ဆွဲကာ လက်စားချေတတ်လေ၏ ။

“လာ အပါ၊ မင်း လိုက်ခဲ့”

“ငါ….ငါ မလိုက်ရဲဘူးကွ”

“အံမာ…..မင်းက တယ်ရှော်တဲ့ ကောင်ပဲ၊ မင်းကို ပြပြီး ငါက ဟိုကောင်တွေကို တီးရမှာ ၊ လာ ဘာလို့ မလိုက်ရမှာ လဲ”

“ငါ့ကို အမေ ရိုက်မှာ ကွ၊ အမေက ရန်ဖြစ်တာ မကြိုက်ဘူး”

အပါမှာ သူ့အမေကို ကြောက်တတ်သည် မှာ လည်း အလွန်ပင်။ သာဒင်က ဇွတ်ဆွဲခေါ်တော့မှ ပါသွား၏ ။ တစ်ခါတစ်ရံ အပါအား အနိုင်ကျင့်ကြသော ရန်ပွဲတွင် လွင်လည်း ပါလာတတ်လေသည် ။ လွင်သည် ချစ်ထွေး၏ ပခုံးစွန်းကိုကိုက်လိုက်ရာ  ချစ်ထွေးမှာ တစ်ပတ်ခန့်ဖျားကာ ဆေးထိုးယူ ရလေ သည် ။ လွင်ကိုလည်း အမေက မန်ကျည်းပင်ရင်းတွင် ကြိုးတုပ်ကာ မြှော့နေအောင် ရိုက်လေသည် ။

သည် အကြောင်းများကို ကိုသာဒင်က လွင့်အား ပြန်ပြောခဲ့ရာ လွင်မှာ တသသနှင့် သတိရနေ သည် ။

“ပတ်ဝန်းကျင် အခြေအနေက လူတွေကို သိပ်ပြောင်းလဲစေတာပဲ၊ အပါကြီးကို ကြည့်လေ၊ ခု အရင်တုန်းက အပါ ဟုတ်သေးလား၊ စစ်ထဲဝင်လိုက်တာ တစ်ခါတည်း နတ်ရေကန်ထဲ ချလိုက်သလို ပြောင်းလဲလာလိုက်တာ” ဟု ကိုသာဒင်ကြီးက နှုတ်ရေးစကားတတ်နှင့် ဆိုလေသည်

။

အပါ ၁၆ နှစ်သားတွင် အိမ်မှ ထွက်ပြေးကာ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ထဲသို့ သွားသည် ။ ဂျပန်ပြည်သို့ စစ်ပညာ သွားသင်သည် ။ ဂျပန်ပြည်တွင် ချစ်ထွေးတို့ ၊ သံချောင်းတို့ နှင့် ဆုံစည်းကာ တစ်ရေတည်းသောက်ခဲ့ကြသည် ။ ကြီးလာတော့လည်း ငယ်စဉ်က ရန်စများမေ့သွားခဲ့ လေ၏ ။ အပါ ဂျပန်ပြည်က သင်တန်းဆင်းပြီး ပြန်လာသောအခါ လွင်တို့ မြို့လေးမှ မြန်မာ့သားကောင်း အဖြစ်နှင့် သောင်းသောင်းဖြဖြ ဆီး၍ ကြိုလေသည် ။ မှန်သည် ။ အပါတစ်ယောက်သည် တိုင်းပြည်သား ကောင်းကြီးအဖြစ်နှင့် ပြန်၍ လာလေပြီ။

အပါသည် ငယ်စဉ်ကလို ညောင်နာနာလေး မဟုတ်တော့။ မိုးထိလုနီး မြင့်မားသော အရပ်ကြီး နှင့် တောင့်တင်းသော ကိုယ်နေဟန်မှာ ခံ့ညားသော ဥပမိရုပ်ကိုဆောင်လျက်ရှိလေသည် ။ အပါ၏ မျက်နှာတွင် ပွင့်လေသော အပြုံးပန်းမှာ လူကြီးဆန်လေသည် ။ ရေးရေးထင်သော နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတို့ သည် စစ်သူရဲကောင်း၏ အင်္ဂါတစ်ရပ်နှင့်လည်း တူ၏ ။ ဤတွင် အပါ၏ ပြောင်းလဲခြင်းကို လွင့်အနေနှင့် ဒက်ခနဲ သိမြင် လိုက်လေသည် ။

## (၄)

ကိုသာဒင်ကား ငယ်စဉ်က အသားညိုညို၊ အရပ် မနိမ့်မမြင့်၊ မျက်လုံးမျက်ဖန် လှလှတည်း။ ယခု ကိုသာဒင်သည် ယခင်ကလိုပင် ပျိုမျစ်နုနယ်ဆဲပင်တည်း။ မဆူမကြဲ ကိုယ်နေဟန်က သူ့ရုပ်သွင် ပြောင်းလဲပုံကို မပြ။ သြော်.....ယောကျ်ားများ တတ်အပူအပင် မရှိလို့ ထင်ပါရဲ့ ၊ ရုပ်မ

ကျကြဘူး....ဟု လွင်က တွေးမိလေသည် ။

ကိုသာဒင်၏ စိတ်သဘောကတော့ ငယ်စဉ်ကလို ကြမ်းတမ်းခြင်း၊ ရန်လိုခြင်း မရှိတော့ပေ။ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် သိမ်မွေ့နူးညံ့၍ လာလေသည် ။ ထူး၍ အံ့သြစရာကောင်း သည် မှာ ကိုသာဒင်သည် နာမည်ကျော်သော စာရေးဆရာတစ်ယောက် ဖြစ်၍ နေပေပြီ။ ရေးက သံတုတ်ကိုင်ခဲ့သော လက်သည် ယခုအခါ ကလောင်တံကိုင်ရချေပြီ။ ထူးဆန်းသော ဘဝ မျက်လှည့် ကစားမှု တစ်ရပ်ပင်တည်း ။

ကိုသာဒင်၏ စာများ သည် စံပယ်ပွင့်ဖတ်ပမာ နူးညံ့သိမ်မွေ့လေ၏ ။ စာရေးဆရာပေမဲ့ အရက်ကိုလည်း လျှာဖျားပေါ် တစ်စက်မှ မတင်တော့ပေ။ တစ်နှစ်တစ်နှစ် စာအုပ်ကောင်း မြောက်မြား စွာကို ရေးထုတ်နိုင်ခဲ့သည် ။ ပြီးနောက် ကိုသာဒင်သည် တရားဓမ္မသမားလည်း ဖြစ်လာ၏ ။ မအား မလပ်ဖြစ်သည့်ကြားထဲကပင် စွန်းလွန်းဂူကျောင်းသို့သွားကာ တရားအားထုတ်နေတတ်ပေသည် ။ မယားကို ချစ်ခင်မြတ်နိုးသည် ။ သားသမီးခြောက်ယောက်ကိုလည်း ကြင်နာယုယသည် ။

ငယ်စဉ်က ရန်ရှောင်ခဲ့သော အပါတစ်ယောက်ကမူ လူပေါင်းမြောက်မြားစွာ သတ်ဖြတ်ခဲ့ရ သည် ။ ကြမ်းတမ်းသော အကုသိုလ် အလုပ်များကို လုပ်ခဲ့ရသည် ။ လူကြောက်လေး အပါသည် လူကြမ်းကြီးဘဝသို့ ရောက်ရသည် မှာ ကံတရားကပင် လှို့ဆော်လေသလား၊ နယ်ချဲ့စနစ်ကြောင့် လား၊ မိမိဘာသာ ဖန်တီးမှုပေလား၊ လွင် မတွေးတတ်ပေ။

“ငါ....အပါကို စ,ကြောက်လာတာ ဂျပန်ခေတ်ကပဲ၊ ငါကလည်း ပြောင်းလဲလာလိုက်တာဆို တာ စစ်ဘေးစစ်ဒဏ် အကြိမ်ကြိမ် ခံလိုက်ရတော့ လူဟာ အလိုလို သွေးလန့်ပြီး ကြောက်တတ်နေ ပါရော”

ဟု ကိုသာဒင်က အပါအကြောင်း စကားစတတ်လေသည် ။

"ဒီတုန်းက ညည်း မှတ်မိသေးလား လွင်၊ ဂျပန်ခေတ်က ဓားပြဆိုရင် လူလယ်ကောင်မှာ နောင် မလုပ်ဝံ့အောင် လုံ့စွပ်နဲ့ ထိုးသတ်ကြတဲ့ အလေ့အကျင့်လေ၊ ဒီလို လုံ့စွပ်ထိုးပွဲကို ဈေးလယ်မှာ ကျင်းပ စမြဲပဲ၊ အဲဒီကတည်းက ငါ အပါကို ကြောက်တတ်လာတော့တယ်"

ကိုသာဒင်သည် ဟိုစဉ်က အကြောင်းများကို တမ်းတကာ ပြောနေသည် ။

လုံ့စွပ် ထိုးသည့်အထဲတွင် အပါ၊ ချစ်ထွေးနှင့် သံချောင်းတို့ လည်း ပါလေသည် ။ အပါ၏ မျက်နှာတွင် ကြောက်ရွံ့တုန်လှုပ်ခြင်း လုံးဝ မရှိတော့။ ခက်တရော် တင်းမာနေသယောင်ယောင်။

လွင်နှင့် ကိုသာဒင်တို့ က အပြစ်တင်ကြသောအခါ -

"ဘယ့်နှယ် လုပ်မလဲ သူငယ်ချင်း၊ ကိုယ့်အပေါ် တာဝန်ကျရောက်လာပြီကိုး၊ ဘယ်လူက လူ သတ်ချင်မလဲကွာ၊ ဒါပေမဲ့ တိုင်းပြည်အတွက်ဆိုရင် ကိုယ် ဘာပဲ လုပ်ရ လုပ်ရကွ၊ ရှောင်လွှဲလို့ မရဘူး"

ဟု အနည်းငယ် ညှိုးငယ်သော မျက်နှာနှင့် အပါက ဖြေလေသည် ။

နောင်တွင် အပ့ါ သတင်းများကို ကြားရသည် ။ အပါသည် စစ်ရေးစစ်ရာတွင် အလွန်တော်သူ တည်း။ သေနတ်ပစ် အလွန်ဖြောင့်သည် ။ သဘောကောင်း၍ အောက်လက်ငယ်သားအပေါ် ညှာတာ သလောက် အပြစ်ပေးစရာရှိလျှင် ရက်ရက်စက်စက် ပေး၏ ။ ရန်သူကို သတ်ရန် ဘယ်တော့မှ လက်မနှေး။ တံတွေး ပစ်ခနဲထွေးလိုက်သည် ကမှ ကြာကောင်းကြာဦးမည်။ ရန်သူကို သုတ်သင်ရန် ဘယ်တော့မှ လက်မရွံ့ဟူ၏ ။

မည်သို့ပင် ဖြစ်စေ ပတ်ဝန်းကျင်သည် လူသားတို့ အား ရှုံ့ရုပ်သဖွယ် ပြောင်းလဲ ပြုပြင်ပစ်သည် ကိုတော့ လွင် မငြင်းနိုင်ပေ။

စစ်ပြီးလျှင်ပြီးချင်း အပါသည် တပ်ထဲမှ ထွက်လိုက်သည် ။ ပညာရေးတွင် စိတ်မကုန်ခန်းသေး သော အပါသည် တက္ကသိုလ် ဥပစာ စာမေးပွဲကို နှစ်ချင်းအောင်အောင် ဖြေသည် ။ ၁၉၄၇ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်ပြီး နိုင်ငံ့ဝန်ထမ်း ပထမစာမေးပွဲကြီးကို ဖြေဆိုအောင်မြင်ပြီးနောက် ပြည်သူ့ဝန်ထမ်း ဘဝနှင့် နေလာသည် မှာ ယခုတိုင်အောင်ပင်တည်း။

အပါသည် ဗြူရိုကရက်အငွေ့ ကျန်သေးသော ယန္တရားကြီးကို အတတ်နိုင်ဆုံး ပြုပြင်ပြောင်းလဲ ပစ်သည် ။ အပါအား ဘယ်လိုလူမျိုးမှ ဗြူရိုကရက်နယ်ပယ်ထဲသို့ သွတ်သွင်းလို့ မရ။ အပါကား ဤမျှ စိတ်ဓာတ်ကြံ့ခိုင်လေသည် ။

ယနေ့အချိန် အပါသည် အတတ်နိုင်ဆုံးသော လုပ်အားနှင့် မိမိတိုင်းပြည်ကို အကျိုးပြုလေ သည် ။ အပါသည် ယခုထိ တိုင်းပြည်သားကောင်းဘွဲ့ထူးကိုခံယူနိုင်ဆဲပင်တည်း။ အပါသည် သူ့ အပေါင်းအသင်း ပတ်ဝန်းကျင်လူများ နှင့် မတူလေသော သူတစ်ဦးဖြစ်သည် ။ စိတ်စေတနာ ရိုးသား သလောက် သူ့အဝတ်အစား၊ အသွင်အပြင်၊ အပြုအမူများ ပါ ရိုးသားဖြော င့်မတ်လေသည် ။ ပြီးနောက် သူ့မိတ်ဆွေဟောင်းများ အပေါ် အရင်က စိတ်ထားအတိုင်း ထားရှိတတ်သူလည်း ဖြစ်ပေသည် ။

လွင်သည် ဦးစောနောင်ထံမှ ပြန် လာပြီး နောက်တစ်ရက်တွင် ငွေ ၃၀၀ ကျပ်နှင့် ဦးစောနောင် လက်ရေးနှင့် စာတစ်စောင် အပို့လွှတ်လိုက်သော လူတစ်ယောက်မှ တစ်ဆင့် ရရှိခဲ့ပေသည် ။

လွင် .....

ဟိုနေ့က လွင့်ကို တွေ့ရတော့ ဝမ်းလည်း သာ၊ ဝမ်းလည်း နည်းမိတယ်။ ဝမ်းနည်းမိတာကတော့ မပြေလည်တဲ့ လွင့်ရဲ့ ဘဝအကြောင်းကြောင့်ပါပဲ။ မင်း စိုင်းခဲ့ရတဲ့ ခရီးဟာ တယ်ကြမ်းပါလား။ ကိုယ်တို့ သူငယ်ချင်းသုံးယောက်မှာ မင်းဟာ ကံအဆိုးဆုံး မိန်းကလေးပဲ။ ဒါပေမဲ့ ဘယ်ကမ်း ဘယ်သောင်ဆိုက်ဆိုက် မင်းရဲ့ ရင်ဆိုင်ရဲတဲ့ သတ္တိကိုတော့ ကိုယ် ချီးကျူးလို့ မဆုံးပါဘူး။ မင်းရဲ့ မာနကိုလည်း တန်ဖိုးထားမိပါတယ်။

မိန်းကလေးဖြစ်တဲ့ မင်းရဲ့ ဘဝဟာ နှင်းဆီပွင့်လို မနူးညံ့ဘဲ ဆူးခက်လို ကြမ်းတမ်းခက် တရော်ခဲ့တယ်၊ ကိုယ့်ရဲ့ အနုအနွဲ့ စာသားတွေကြည့်ပြီး လွင်ကတော့ ရယ်ချင်မှာ ပဲ၊ မရယ်ချင် နဲ့ ကွဲ့။ ကိုယ်ငယ်ငယ်က စာရေးဆရာ လုပ်မယ် စိတ်ကူးခဲ့တဲ့ လူလေ။ ကိုယ့်ကိုယ်ကိုယ် နဂဒေးကြီး အားကျပြီး မင်းလက်ျာ နာမည်ပေးလို့ စာတိုစာစတွေတောင် ရေးခဲ့တယ် မဟုတ် လား။ ခုတော့ သူကောင်းသား သာဒင်ကြီးက စာရေးဆရာ ဖြစ်လို့ ။ ကိုယ်ကတော့ လူကြမ်း ကြီးပဲ။ စာရေးဖို့ အချိန်လည်း မရှိပါဘူး။

ခုနေခါ ကိုယ်သာစာရေးနိုင်ရင် မင်းရယ်၊ ကိုယ်ရယ်၊ သာဒင်ကြီးအကြောင်းရယ် ရေးချင်ပါသေးတယ်။ ကိုယ်တို့ သူငယ်ချင်းသုံးယောက်မှာ ကံကြမ္မာ မျက်လှည့်ကစားလို့ ကိုယ်က မင်းကို တစ်မျိုးတစ်မည် ချစ်လာ၊ သာဒင်ကြီးကလည်း မင်းကို သူမသိ ငါပိုးနဲ့ ၊ မင်းက

လည်း မာနကြီးလိုက်တာ လွန်ပါရော။ ကိုယ်တို့ ကို ဘယ်သူမှ တန်တယ် မထင်။ နောက်ဆုံး မင်းလည်း ကျားရှေ့မှောက်ရက်လဲချင်တော့ သခင်မြဦးနဲ့ ဖူးစာဆုံတော့တယ်။

ဒါတွေထားပါတော့လေ။ ခုကိုယ်တို့ က ဟိုဘိုးဘိုးအောင်သီချင်းထဲကလို 'ငယ်သူငယ် ချင်းသုံးယောက်ရှိလေသည် ၊ စုံစုံညီညီကတိသစ္စာထားကြတာက အရွယ်ရောက်ရင် အချိန်ခါမီ၊ တစ်ယောက်ကောင်းစားရင် တစ်ယောက်ကို မ,မည်' ဆိုတာလိုပေါ့။ ဟို အင်္ဂလိပ် စကားပုံလို 'A Friend in Need is a friend in deed' တဲ့ ။ ကိုယ်လည်း မင်းရဲ့ မိတ်ဆွေစစ်ပွဲ လွင်။ ဒါကိုယုံပါ။ ယုံပြီးတော့ ကိုယ့်အကူအညီကို လက်ခံပါ။ တခြားလူအပေါ် မင်း မာန ဘယ်လောက်ထားထား၊ ကိုယ့်အပေါ်မှာ တော့ မထားပါနဲ့ သူငယ်ချင်း။

ခု မင်းကို ပေးလိုက်တဲ့ ငွေဟာ ကိုယ့်ရဲ့ အလွန်သန့်ရှင်းစင်ကြယ်တဲ့ ငွေပါ။ ကိုယ့်ရဲ့ ချွေးနဲ့စာပဲ။ ပိုလျှံလို့ ပေးတာ မဟုတ်ပေတဲ့ လက်ခံပါလွင်။ ဒါကို မင်း လက်မခံဘူးဆိုရင် မင်းနဲ့ ကိုယ် သေခန်းဖြတ်ပဲ။ မင်းကို သူငယ်ချင်းစာရင်းက ဖယ်လိုက်မယ်။ ဒါပဲ။ ကိုယ်ဟာ သူငယ်ချင်းတွေကို ရက်ရက်စက်စက် ချစ်တတ်သလို ရက်ရက်စက်စက်လည်း မုန်းတတ် တယ်။

ခုနေခါ ကိုယ် ဘယ်သူ့ဆီမှ စာတစ်တန် ပေတစ်တန် မရေးဖူးဘူး။ ဒါဟာ ပထမဦးဆုံး အကြိမ်ပဲ။ ကိုယ့်ရဲ့ ခင်မင်တဲ့ မေတ္တာကို လွင် နားလည်ရောပေါ့။ တော်သေးပြီ။

**ငယ်သူငယ်ချင်း**

**အပါ**

လွင်သည် အပါ၏ စာကို ကိုင်ကာ မျက်ရည်များ ပြည့်သော မျက်လုံးများ ဖြင့် ငေးကြောင်နေမိ သည် ။ ရာတန် သုံးရွက်ကိုလည်း အမှတ်မထင် ဆုပ်ကိုင် ကစားနေမိသည် ။ ယမန်နေ့ကပင် ကိုသာဒင် က လွင့်အိမ်သို့ ဆန်တစ်တင်းနှင့် ဆီ နှစ်ပိဿာခွဲတစ်ပုံးလာ၍ ပို့ပေးသေးသည် ။

ဒုက္ခပင်လယ်ဝဲဗွေတွင် တစ်ယောက်တည်းနစ်နေသည် ဟု သူ့ကိုယ်သူအထင်ရှိသော လွင်သည် အားအင်ပြည့်၍ လာလေသည် ။ ဘဂရေစီးကြောင်းတွင် မှီခိုရန် ဝါး၊ သစ်တုံး စသည် များ သည် လည်း ရောက်လာတတ်ပေသည် ။ အဆိုးထဲက အကောင်းပေတကား။

**မြဂတီမဂ္ဂဇင်း၊ မတ်လ၊ ၁၉၆၄ ခုနှစ်။**

* * *

# ငွေစန္ဒာ

## (၁)

မြင့်ဖူးဝါ ပန်းတကာတို့ သည် ပြာပြာစိမ်းသော ပွင့်တံတို့ နှင့် လည်ဆန့်ကာ မိုးကို မျှော်လျက် ရှိလေသည် ။

မိုးဦးကျပေတော့မည်။ အနောက်တောင်ရာသီလေသည် ဝေ့ကာယမ်းကာ တိုက်ခတ် လာလေ သည် ။ ပုလဲငုံ စံပယ်ဖြူတို့ သည် ဝေဝေဆာဆာ ဖူးပွင့်ကြလေသည် ။ သည် အခါတွင် မိုးသက်လေနှင့် အတူ မိုးပွင့်များ ကြွေ၍ ကျ လာလေပြီဖြစ်သည် ။

မိုးပွင့်များကဲ့သို့ပင် 'ခိုင်ကေသွယ်'၏ မျက်ရည်များ လည်း ကြွေချင်ချင်ဖြစ်လေသည် ။ သို့သော် အားမာန်တင်းလျက် ရှိသဖြင့် ဝေ့လာသော မျက်ရည်စကို ပြန်လည် ထိန်းသိမ်းထားနိုင်လေခဲ့ပြီတည်း။

ကောင်းကင်ကို ပြတင်းပေါက်မှ လှမ်းမော့ကြည့်လျှင် ကြယ်များ ပင် ပျောက်လျက်ရှိသည် ။ မိုးသားတိမ်လိပ်များ တက်ကာ ကောင်းကင်တစ်ခုလုံး မှုန်မှိုင်းနေသည် ။ တိမ်ညိုက ဖုံးတစ်လှည့်၊ မဖုံး တစ်လှည့်နှင့် သော်တာလမင်းအရောင်ကတော့ အလင်းရောင်ပေးမြဲပေတည်း။

"ဩော်....မိုးညိုလို့ ကြယ်တွေသာ ပျောက်ချင်ပျောက်မယ်၊ လမင်းရဲ့ အသရေကတော့ ဘယ်တော့မှ မညှိုးမှိန်ဘူး"

ဟု ခိုင်ကေသွယ်က တီးတိုးရေရွတ်နေမိသည် ။

“ဒီကလေးမရဲ့ အစွမ်းအစကို ကျွန်တော် ရဲရဲကြီး အာမခံပါတယ်ဗျာ၊ ကျွန်တော့် တပည့်မ တွေထဲမှာ အထက်မြက်ဆုံး ကလေးမလေးပါပဲ၊ ခု အကြိမ်ဟာ ပထမဦးဆုံးအကြိမ်မို့ လူကြောက်လို့ ဖြစ်ရတာ ပါ”

သည် တုန်းက ခိုင်ကေသွယ်မှာ အသက် ၁၆ နှစ်အရွယ် ပန်တျာကျောင်းထွက်စ၊ နိုင်ငံခြားသို့ စေလွှတ်ရန် လူရွေးရာ ခိုင်ကေသွယ်က လူအများ ရှေ့တွင် ကြောင်ကာဆိုမရ၊ ကမရနိုင်ဘဲ နှုတ်ရော လက်ရော ဆွံ့နေခဲ့သည် ။ တာဝန်ခံ အတွင်းဝန်က စိတ်ပျက်ကာ မျက်နှာရှုံ့မဲ့လျက် ခေါင်းကို ခါယမ်း နေသည် ။

“ခင်ဗျား အမျိုးသမီး မစွံဘူးဗျာ”

ဟု လည်း အားမနာတမ်း ဝေဖန်လိုက်သေးသည် ။

ခိုင်ကေသွယ်၏ ဆရာက ခိုင်ကေသွယ်ဘက်မှ အတိုက်အခံပြော သော်လည်း မရ။ ကံကြမ္မာ စန်းမထခင်မို့ ခိုင်ကေသွယ်တို့ ၏ ပညာစွမ်း မှာ ပွဲမတိုးခဲ့သေး။ ခိုကေသွယ်ကား ကလေးစိတ်မပျောက် တပျောက်နှင့် ရှုံ့မဲ့နေသော အတွင်းဝန်လူကြီး၏ မျက်နှာဟန်ပန်ကိုကြည့်ကာ ‘သရဲကြီး’ ဟု မကြားတ ကြား ရေရွတ်လိုက်မိ၏ ။

သည် တစ်ကြိမ် နိုင်ငံခြားသို့ စေလွှတ်ရာ အနုပညာရှင်ထဲတွင် ခိုင် ကေသွယ်မပါခဲ့ပေ။ ခိုင်ကေ သွယ်သည် အိမ်အပြန် လမ်းတစ်လျှောက် လုံး ရှိုက်ကြီးတငင်နှင့် ငိုကြွေးလာခဲ့လေသည် ။

စင်စစ်အားဖြင့် ခိုင်ကေသွယ်အဖို့ ကျောင်းတွင် သင်ရသော အကများ သည် ငယ်စဉ် ၇ နှစ်၊ ၈နှစ် သမီးကတည်းက ဆော့ကစားရင်း ကခဲ့ရသဖြင့် ရိုး၍ နေပေပြီ။ ခိုင်ကေသွယ်သည် ဇာတ်ခုံပေါ် တွင် မွေးဖွားပြီး ဇာတ်ခုံပေါ်တွင် ကြီးပြင်းလာခဲ့ရသူပင်တည်း။

သဘင်သည် မျိုးရိုးစင်စစ်ဖြစ်သည့်ပြင် ဖခင်မှာ နာမည်ကျော်ဇာတ် မင်းသားကြီး ဖြစ်သည် ။ မိခင်မှာ အရပ်သူ ဖြစ်သော်လည်း ဆိုင်းဆရာ ၏ သမီးဖြစ်သောကြောင့် အတော်ပင်ဇာတ်ရည်ဝနေသူ ပင်တည်း။ ဖခ င် ဇာတ်ဆရာမှာ ဇာတ်ကို ညစဉ်ဆက်တိုက် ကခဲ့ရာမှ မမျှော်လင့်ဘဲ အ မောဆို့ပြီး သေဆုံးခဲ့သည် ။ နှလုံးကို လေခတ်သဖြင့် သေရသည် ဟု လ ည်း ပြောကြသည် ။

ခိုင်ကေသွယ် ၁၃ နှစ်သမီးအရွယ်တွင် ဖခင်ဆုံးခဲ့သော်လည်း ဖခင် အမွေအနှစ်ကို ကောင်းစွာ ရခဲ့သူဖြစ်သည် ။ ပါရမီလည်း ရှိသူ ဖြစ်သော ကြောင့် ဖခင်၏ ကကြိုးအစုံ ရခဲ့သည့်အပြင် အဆိုပါအဟဲ ပါ ထပ်တူထ ပ်မျှ ပိုင်နိုင်စွာ အမွေရခဲ့လေသည် ။ သို့တစေ ဖခင်၏ သတင်းအမွေအနှ စ်ကို ထိန်းသိမ်း ရန် ကြိုးစားခဲ့သော ခိုင်ကေသွယ်အဖို့ အတိုက်အခံ များ လှချေသည် ။ အဖေဆုံးသော် ဇာတ်ခေါင်းကွဲ ကာ အမေက ခိုင်ကေသွ ယ်အား ပန်တျာကျောင်းသို့ပို့သည် ။ အမေက ရတတ်သမျှ အလုပ်နှင့်စ က် အငှားချုပ်သည် ။

ပန်တျာကျောင်းမှ ထွက်သော် ခိုင်ကေသွယ်သည် မင်းပွဲသဘင်အလှူအတန်းများ တွင် အစမ်း သဘော ကကြည့်သည် ။ မ င်းပရိသတ်အများ အပြားပင် ခိုင်ကေသွယ်အား လက်ခံလေသည် ။ သ ည် တွင် ခိုင်ကေသွယ်၏ အမည်သည် ရေပန်းစားစပြု လာလေသည် ။

ခိုင်ကေသွယ်ကား ရုပ်ရည်လေးကလည်း ဆွဲဆွဲဆောင်ဆောင်ရှိ အ

ဆင်အပြင်ကလည်း လှပနှင့် မီးရောင်အောက်တွင် နတ်မယ်လျပမာ က နွဲ့ကလျ ဘဝင်ကျအောင် လုပ်နိုင်စွမ်းလည်း ရှိ သည် ။ အရပ်ပျပ်ပျပ်၊ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်ဖြိုးဖြိုး၊ ခါးအနည်းငယ် တုတ်သော်လည်း ကား၍ ဖွံ့ဖြိုးသော တင်ကြောင့် တောင့်တင်းအဆင်ပြေသည် ။ မျက်နှာဝိုင်းသယောင်ယောင်တွင် မေး စေ့ချွန် သဖြင့် ချစ်စဖွယ်အသွင်ကိုလည်း တွေ့နိုင်ပေသည် ။ နဂိုကွေး ကွေးဝိုက်နေသော မျက်ခုံးအောက်တွင် တောက်ပ ကြည်လင် ဝိုင်းစက် သော မျက်လုံးများကို တွေ့မြင်နိုင်လေသည် ။ နှာရောင် အနည်းငယ် ပြားသည် ။ သို့သော် နှင်းဆီဖူးပမာ နှုတ်ခမ်းများက မဆိုးဘဲနှင့် သန္တာ အသွေး နီစွေးစွေးတည်း။

ခိုင်ကေသွယ်တွင် အလှပဆုံးအရာကို လက်ညှိုးထိုးပြပါဟု ဆိုလျှင် သူ၏ စူးရှသော မျက်လုံး များ ပင်တည်း။ ကော့ညွတ်သေးသော မျက် တောင်ကိုဖျတ်ခနဲ ခတ်လိုက်လျှင် မျက်လုံးထဲမှ အရောင် ထွက်လာသ လား အောက်မေ့ရသည် ။ ခိုင်ကေသွယ် မျက်လုံး တစ်ချက်ဝင့်လျှင် အစ် ကို ကာလသား တို့ အသက်ရှူရန် ခေတ္တမေ့ကြသည် ။ ပြီးနောက် ခိုင် ကေသွယ်ဝတ်ဆင်ထားသော ထိုင်မသိမ်းနှင့် ထဘီများကား အဖြူခံတွင် ငွေဇာချည်ထိုးပဝါတွင် ငွေကြယ်ပွင့်လေးများ ပြိုးပြက်လျက်၊ စိန်နှော် ဇာကုံး နှစ်သွယ် လည်တွင် ကပ်၍ ဆွဲသည် ကလွဲ၍ ဘာမျှ ရှုပ်ရှုပ်ထွေး ထွေးဆွဲမထား။ ခိုင်ကေသွယ်၏ တစ် ကိုယ်လုံးတွင် အဖြူနှင့် ငွေဇာခြ ည်ရောင်များ သည် ကျက်သရေရှိစွာ လွှမ်းမိုးလျက် ရှိလေသည် ။

သဘင်ကို အတော်ခေါက်မိသူများကတော့ ခိုင်ကေသွယ်၏ အလှအ ပ အဆင်အပြင်ထက် ခိုင်ကေသွယ်၏ ကကြိုးကကွက်၊ ဆိုဟန်မူရာများ ကိုသာ အကဲခတ်ကြသည် ။ ခိုင်ကေသွယ်၏ ပညာကို ကျေနပ်အားရကြ သည် ။

"ကေသွယ်ကတော့ ဖခင်ကြီးရဲ့ သဘင်အမွေအနှစ်ကို ဆက်ထိန်းရမယ့်သူပါရှင်"

ဟု ဆိုကာ နဖူးမှ ချွေး ခြေမ ကျလျက် ရင်နှစ်ခြမ်းပြန်းပြန်းကွဲလုမတတ် ကပြ အသုံးတော်ခံ လျက် ရှိသည် ။

ခိုင်ကေသွယ်သည် မည်သူ့ကိုမျှ အားမကိုး။ သူ့ပညာစွမ်းကိုသာ သူအားကိုးလေသည် ။ သူသည် ဆိုဖို့ ၊ ကဖို့ အတွက် လူ့လောကကြီးတွင် မွေးဖွားလာခဲ့လေသည် ။ အနုပညာသည် အနုပညာ အတွက် ဖြစ်သည်ကို ခိုင်ကေသွယ်သည် နားမလည်လှသော်လည်း စင်စစ်အားဖြင့် သည်သဘောနှင့် လူ့လောကကြီးတွင် ရှင်သန်ကြီးပြင်းလာခဲ့လေသည် ။ ကရင်း ဆိုရင်း ချွေးအစားသွေးပဲ ထွက်ဦးတော့ ဖြိုမည် မဟုတ်ပေ။ သို့ကြောင့် ကောင်းကင်ယံမှ သော်တာငွေလပမာ ဝင်းဝင်းပပ ဖြစ်ခဲ့ရသည် ။

## (၄)

ခိုင်ကေသွယ်အား ကျော်မင်းနောင် ဇာတ်အဖွဲ့က လာခေါ်သောအခါ ခိုင်ကေသွယ်သည် ဖအေ့သွေး ပွက်ပွက်ဆူကာ ဇာတ်ထဲ ဝင်ချင်လာသည် ။ အမေကမူ သဘောမတူပေ။

"ပင်ပန်းလှပါတယ် သမီးရယ်၊ အငြိမ့်က လူလည်း သက်သာ၊ ကိုယ့်အဖွဲ့နဲ့ ကိုယ် ဣန္ဒြေလည်း ရသေး၊ လုံမလေး သဘောတစ်ခုပဲ၊ ဟိုမှာ ကအများ နဲ့ မဟုတ်လား"

ဟု အမေက ဆို၏ ။

"အမေ၊ ကျွန်မက ပညာကို ခက်ခက်ခဲခဲ ပြချင်တာ၊ အငြိမ့်ဆိုတာ သဘင်ရဲ့ အစပဲ၊ အမေ လည်း သိသားပဲဟာ၊ ပြီးတော့ ကျွန်မရဲ့ ပညာကို

သဘင်သည် အချင်းချင်း အထင်သေး ဝေဖန်တာ ကျွန်မ မခံနိုင်ဘူး အမေရဲ့ ”

“လူတွေဆိုတာ ခက်သားပဲအေ၊ မလိုရင်လည်း ကြံဖန်အပြစ်ပြောကြတာ၊ လုံမလေးကိုဆိုရင် မိန်းမသဘင်သည် တွေထက် ယောကျ်ားသဘင်သည် တွေက စောင်းချိတ် အပြစ်ပြောကြတာ အမေ လည်း သိသားပဲ”

“ဒါပေမဲ့ အခံရ ခက်တယ် အမေရေ၊ ပညာကုန်အောင် ဇာတ်ထဲဝင်ပါရစေ”

“ဩ.....ခက်လိုက်ပါဘိ၊ အမေက ငါ့သမီးအတွက် ပြောတာ၊ လုံမလေးက ပညာမာန်နဲ့ စိတ်က ခပ်ဆတ်ဆတ်ရယ်၊ ဇာတ်ထဲဝင်ရင် အဆင်မပြေတာတွေ တွေ့မှာ စိုးရတယ်ကွယ်”

ခိုင်ကေသွယ်သည် နှုတ်ခမ်းကို တင်းတင်းစေ့လျက် -

“အို.....ဘာမဆို ကျွန်မ ရင်ဆိုင်မယ် အမေရယ်၊ ကျွန်မမှာ ဇွဲရှိပါတယ်၊ ကျွန်မ ပြုတဲ့ အမှု အတွက် ဘယ်တော့မှ နောင်တဆိုတာ မရှိစေရပါဘူး၊ စိတ်ချပါ အမေရယ်”

ဟု သန္နိဋ္ဌာန် ခိုင်မာစွာနှင့် ဆို လိုက်လေသည် ။

“ဇာတ်ဆိုတာ အငြိမ့်နဲ့ မတူဘူးဆိုတာ စဉ်းစားပါဦး၊ လုံမလေး ပင်ပန်းတာ အမေဖြင့် မကြည့် ရက်နိုင်ပါဘူး”

ဟု အမေက နောက်ဆုံးစကားဆိုဆဲတွင် -

“အမေ.....ဇာတ်ဟာ ပေ့ါပေ့ါလေး မဟုတ်ဘူး ဆိုတာ ကျွန်မ တွေးမိပြီးသားပါ၊ သဘင်ပညာ ဘယ်လောက် နက်နဲခက်ခဲတယ်၊ ကျယ်ဝန်းတယ်ဆိုတာလည်း အဖေတို့ ၊ အမေတို့ သမီးပီပီ သိပါ တယ်၊ ဇာတ်

ကရင်းအဖေ့ကျေးဇူးတွေလည်း ဆပ်ချင်လို့ ပါ၊ အမေ မတားပါနဲ့ တော့”

ဟု ခိုင်ကေသွယ်လည်း နောက်ဆုံးစကားကို ဆို လိုက်လေသည် ။

ကျော်မင်းနောင်၏ ဇာတ်ထဲတွင် ခိုင်ကေသွယ်၏ အရည်အသွေးသည် တောက်ပသည် ထက် တောက်ပ လာလေသည် ။

ခိုင်ကေသွယ်၏ အရည်ဂုဏ်နေသော ဇာတ်သဘင် ဟန်အမူအရာကို ဇာတ်ဆရာကပင် လက်ဖျား ခါ ချီးမွမ်းရလေသည် ။

“မိသွယ်က သဘင်ဝါရင့်နေပြီပဲ”

ဟု ဇာတ်ဆရာ ကျော်မင်းနောင်က လှိုက်လှဲစွာ မှတ်ချက်ချနေသည် ။

“ကျွန်မကတော့ ကြိုးစားတာပဲရှင်”

“အဲဒီ လို ကြိုးပမ်းမှုဟာ အောင်မြင်ခြင်းရဲ့ အစပေါ့”

“ဟုတ်ကဲ့၊ ကျွန်မအနေနဲ့ အရင်ကလည်း ကြိုးစားခဲ့တယ်၊ ခုလည်း ကြိုးစားတယ်၊ နောင်လည်း ကြိုးစားဦးမှာ ပဲ၊ ကြိုးစားရမှာ က ကျွန်မ တာဝန်ပေါ့”

“ဒီလို စိတ်မျိုးရှိတာ အဖိုးတန်လှတယ်ကွယ်”

“ဒီလိုစိတ်မျိုးရှိအောင် မွေးယူရတာ ဆရာရဲ့ ၊ လူဆိုတာ သက်သောင့်သက်သာ နေချင်ကြတာ ချည်းပဲ၊ ကျွန်မရဲ့ နဂိုဗီဇက တယ်ဂီရိယရှိတာ မဟုတ်ဘူး ၊ ငယ်ငယ်ကဆိုရင် သိပ်ပျင်းတာ၊ ဘယ် လောက်တောင်ပျင်းလဲဆိုရင် ရေတောင် နှစ်ရက် သုံးရက်နေမှ တစ်ခါ ချိုးတာ၊ ပျင်းလွန်းလို့ စာမတတ် တာကြည့်၊ အဖေက စာမတတ်ရင် အောက်ကျတယ်ဆိုပြီး ကျောင်းပို့တာ စာမေးပွဲတိုင်း ကျတာပဲ”

ဗာတ်ဆရာက တသောသော ရယ်မောပြီး ခိုင်ကေသွယ်အား စူးစိုက်ကြည့်နေသည်။

“မင်းဟာ ဖအေ့အမွေအနှစ်ကို ခံယူထိုက်တဲ့ သမီးကောင်းရတနာပဲ”

“ကျွန်မတို့ သဘင်သည် တွေထဲမှာ ဖအေ့အမွေကို ခံယူနေတဲ့ သား ကောင်း၊ သမီးကောင်း ရတနာတွေ အတော်များ တယ်”

“လူတိုင်းတော့ မဟုတ်ပါဘူးကွယ်၊ ပါရမီရှိတဲ့ သူမှ ပါ၊ ဖအေတွေ အဖိုးတန်သလောက် သားသမီးတွေ အသုံးမကျတာလည်း ပြည့်လို့ ပဲ၊ ကိုယ့်သား နဲ့ သမီး ကြည့်ပါလား၊ လက်တောင် မချိုး တတ်ဘူး၊ ကုန်ကု န်ပြောမယ်.....စည်းတောင် မလိုက်တတ်ဘူးကွာ”

ကျော်မင်းနောင်က သဘင်ပညာရည်ဝသူဖြစ်သည်။ သူ၏ မြိုင်ထန စ်ပါးသွားသီချင်းသည် အလွန်ကျော်ကြားကာ ကုမ္ပဏီများက အလုအယ က်ဓာတ်ပြားသွင်းကြသည်။ သည် တော့ ကျော်မင်း နောင်အဖို့ အရပ် တကာလည်၍ ဖဲရိုက်သော သားနှင့်အသက်ငယ်ငယ် အိမ်ထောင်ကျပြီး တစ်နှစ် တစ်သား မွေးနေသော သမီးအတွက် ရင်နာမည်ဆိုလျှင်လည်း နာစရာပင်တည်း။

“ဆရာ့ရဲ့ အသွန်အသင်လည်း လိုတယ် ထင်ပ့ါ”

“ဟ.....သဘင်ပညာမျိုးဆိုတာ သွန်သင်လို့ တတ်တာက တစ်မျိုး၊ န ဂိုဗီဇပါရမီနဲ့ လာတာက တစ်မျိုး၊ သင်လို့ ရစကောင်းလားကွယ်”

“ဒါလည်း ဟုတ်တာပဲ”

ခိုင်ကေသွယ်သည် သဘင်သည် မျိုးရိုးမှ ပေါက်ဖွားလာသူများကို တွေးမိလေသည်။ သဘင် ဖခင်ကြီး ဦးဖိုးစိန်၏ သားများ ဖြစ်သော က က်နက်စိန်နှင့် တသက်စိန်တို့ အပြင် နောက်ပေါက်သဘင် ပညာသည်

များ ထွန်းကားလာခဲ့လေသည် ။ ဥပမာ-စိန်အောင်မင်း၏ သမီး ညွန့်ညွန့်စိန်ကို ကြည့်ပါ၊ ဘယ်လောက် အားရစရာကောင်းပါသနည်း။ ကလေးမလေးသည် အဆိုရော၊ ဇာတ်ဟန်မူရာရော ဆိုဖွယ်ရာ မရှိ။ ဖအေ့ခြေရာ နင်းနိုင်မည့်သူတည်း။ ဖအေ၏ ကကြိုးကကွက် အစုံမရသေးပေမယ့် လည်း ရတတ်သမျှ ပညာလေးဖြင့် ပရိသတ်ကို ထိန်းနိုင်စွမ်းရှိသည် ။ အဆိုမှာ တော့ လက်ဖျားခါ လောက်သည် ။ ဦးအောင်မောင်းကြီး၏ သား အောင်နေလင်း ဆိုလျှင်လည်း အဆိုအက ဖအေကဲ့သို့ နိုင်နိုင်နင်းနင်း ရှိလှသည် ။ လက်ချိုးဟန်ကိုက တစ်ဘာသာထူးခြားလျက်။ သင်လို့ တတ်ရိုးမဟုတ်။ ဟန်အမူအရာလည်း ဖအေကြီးကဲ့သို့ပင် မှ င်သေသည် ။ သူ၏ ထူးခြားပြောင်မြောက်ဆုံးကား ကကြိုး ကကွက်များ ပေတည်း။ ဦးအောင်မောင်းကြီး ခြေထိုး နာမည်ကြီးသလောက် အောင်နေလင်း၏ ကဟန် များ သည် လည်း ရင်သပ်ရှုမော အံ့သြလောက်၏ ။ ရွှေမန်းတင်မောင်၏ သား မောင်ဝင်းမိုလ်သည် လည်း တက်လာမည့် အညွန့်ကလေးမှန်း သိနိုင်သည် ။ ငယ်ရွယ်နုနယ်သေးသဖြင့် ဖအေ၏ အဆို၊ ကကြိုး ကကွက်၊ ဟန်အမူအရာများကို မမီသေးသော်လည်း သွေးလိုက်လျှင် ကျောက်ကောင်းတစ်စေ့ ဖြစ်လာမည်မှာ သေချာသည် ။ သူ၏ ဖျတ်လတ်သော အမူအရာ နှင့် ရုပ်ရည်ကလေးက ပွဲကြည့် ပရိသတ်ကို ဆွဲဆောင်နိုင်သည် ။

"မင်း ဘာတွေ စဉ်းစားနေသလဲ မိသွယ်"

ဇာတ်ဆရာက ဖျတ်ခနဲ မေးလိုက်၏ ။ ခိုင်ကေသွယ်၏ အတွေးများသည် ပြတ်၍ သွားလေ သည် ။

"ကျွန်မလား.....သဘင်ဖခင်ကြီးများ ရဲ့ ထွန်းပေါက်တဲ့ သားတွေ၊ သမီးတွေအကြောင်း စဉ်းစား နေပါတယ်၊ ညွန့်ညွန့်စိန်တို့ .....အောင်နေ

လင်းတို့ ...မောင်ဝင်းဗိုလ်တို့၊ သူတို့ ဟာ ထက်မြက်သူတွေပဲ”

"ဂမ်းတွင်းပါ ပါရမီဆိုတာ အဲဒါပေါ့ကွာ၊ ဖအေ့သွေးတွေက ဟန်ဒရက်ပါဆင့်လောက် သူတို့ ကိုယ်မှာ ရှိတာ ဟဲ ဟဲ.....”

ရယ်သာ ရယ်လိုက်ရသော်လည်း ဇာတ်ဆရာ၏ မျက်နှာမှာ သိသိသာသာ ပျက်နေသည် ။ မလို လား မနှစ်သက်သော အမူအရာတစ်စကို တွေ့ရသဖြင့် နှုတ်ဆိတ်နေမိသည် ။ ‘ပုထုဇဉ်သား ဆိုတော့ မိမိ သားသမီးသာ သူတကာထက် ပိုပြီး ထွန်းပေါက်စေချင်မှာ ပဲ’ ဟု တွေးမိကာ ဇာတ်ဆရာအား ခွင့်လွှတ်မိသည် ။

## (၅)

ခိုင်ကေသွယ်တို့ မှာ ဇာတ်ကို မနားတမ်း ကနေရသည် ။ ရန်ကုန်မြို့ ရပ်ကွက်တိုင်းတွင် ကပြီး နောက် အနယ်နယ် အမြို့မြို့သို့ လှည့်ရပြန်သည် ။ တန်ဆောင်မုန်းမှ စ,ကရသည် မှာ ကဆုန်၊ နယုန် မိုးဦးကျချိန်အထိပင်တည်း။ ခိုင်ကေသွယ် ဇာတ်ထဲ ဝင်မှ ပင် ဇာတ်သဘင်သည် တို့ ၏ သနားစရာ ကောင်းသောအဖြစ်ကို တွေ့မြင်ရလေသည် ။

ပင်ပန်းလှသည် မှာ ပါးစပ်ကို’ဟ’နေရသည် ။ ပညာနှင့် ရင်းနှီးစားရသူများမှာ လွယ်လွယ်ပေါ့ပေါ့ မနေရ။ တစ်ညလုံး နဖူးက ချွေး ခြေမအထိ ယိုစီးအောင် ကလိုက်၊ ဆိုလိုက်၊ ငိုလိုက်၊ ရယ်လိုက်..... တစ်နေ့လယ်လုံး သူသေကောင်တွေလို အတုံးအရုံး အိပ်လိုက်၊ ဇာတ်သဘင်သည် တို့ ၏ သံသရာတွင် ကျင်လည်ကျက်စားနေခဲ့သည် မှာ ခိုင်ကေသွယ်အဖို့ တစ်နှစ်တင်းတင်း ပြည့်ပေတော့မည်။ နဂိုက တရားရချင်ချင်ရှိသော အမေမှာ လည်း ကမ္မဋ္ဌာန်းကျောင်းရိပ်သာသို့ ပြေးချင်စိတ် ပေါက်လာ

၏ ။

"ဇာတ်ကတဲ့ လူတွေဟာ တယ်သနားစရာကောင်းတာပဲ၊ ညဆက်ပွဲကနေရတော့ ဆိုင်ရာ ဆိုင်ရာ ကတဲ့ လူတွေက ဇာတ်ခုံရှေ့ ထွက်ကကြ၊ ပရိသတ်က မက်မက်မောမောနဲ့ အုန်းခနဲ ရယ် လိုက်၊ ဟင်းခနဲ သက်ပြင်းချလိုက်ကြနဲ့ ဇာတ်ခုံအထဲမှာ ကြည့်လိုက်စမ်း၊ အိပ်နေလိုက်ကြတာ အတုံး အရုံး၊ စောစောက ပရိသတ်က လက်ခေါက်မှုတ် ဩဘာအပေးခံရတဲ့ ဇာတ်မင်းသမီးချောချောလေး တွေဟာလည်း ပိုးစိုးပက်စက် အိပ်ရင်း ကလေး နို့တိုက်လို့ ၊ တချို့လည်း ဒူးပေါ် ပေါင်ပေါ် ဟိုးလိုး ဟောင်းလောင်း အိပ်နေကြတာ ငြိမ်လို့ တိတ်လို့ ၊ မပြောကောင်း ပြောကောင်း သုသာန်တစပြင်ကြီး လိုပဲ၊ သြော်....တရားရစရာ ကောင်းလိုက်တာ လုံမရယ်"

ဟု အမေက ညည်းညည်းညူညူ ပြော၏ ။

"တရားရဖို့ တော့ ကောင်းတာပဲ အမေ၊ ဇာတ်ခုံပေါ်မှာ တော့ လှုပ်လှုပ်ရှရှနဲ့ ပွဲကြည့်သူတွေက လည်း ရယ်လိုက် ငိုလိုက်နဲ့ ၊ အဟုတ်တကယ် မဟုတ်ပေတဲ့ လည်း အဟုတ်လိုလို၊ ဇာတ်ခုံထဲ ဘယ်သူ မှ ဝင်မကြည့်လို့ သာပေါ့၊ ဝင်ကြည့်ရင်"

"ဝင်ကြည့်ရင် စိတ်ပျက်မှာ သေချာတယ်၊ အရင် ညည်းအဖေနဲ့ တုန်းကတော့ ဒီလို သတိမထား မိပေါင်၊ ခု ညည်း ကမှ ပဲ ဒီအဖြစ်တွေကို ရိပ်စားမိတော့တယ်"

"ဟိုတုန်းကတော့ အမေလည်း အိပ်တဲ့ အထဲ ပါမှာ ကိုးအမေရဲ့ "

ဟု ခိုင်ကေသွယ်က ရယ်မောကာ ထောက်လိုက်၏ ။

"အေး.....အစစ်ပဲ"

အမေကလည်း လိုက်ရယ်နေ၏ ။

"ဒါပေမဲ့ အမေရယ်၊ ပွဲကြည့်သူတွေဟာ သူတို့ အလိမ်ခံရမှန်း သိပေ တဲ့ စိတ်မဆိုးကြဘူး၊ ပိုက်ဆံပေးပြီး ကျေကျေနပ်နပ်ကြီး အလိမ်ခံနေကြတယ်၊ ကျွန်မတို့ ကလည်း လိမ်ရပေမယ့် သက် သက် သာသာ မဟုတ်ဘူး ၊ ခုန်ပျံကရင်း ချွေးဒီးဒီးကျပြီး ကရတာ ၊ ငိုချင်းချရ င်း နှလုံးသွေးဆူပွက်ပြီး မျက်ရည်ပေါက် ကျပြီး ငိုချရတာ ၊ ဒါဟာ သဘ င်အနုပညာပဲ အမေရေ့"

ဟု ကိုယ့်ပညာကို ကိုယ် တင်စားမိလေ၏ ။

သည် တုန်းက ခိုင်ကေသွယ်သည် အသက် ၁၈ နှစ်အရွယ်မှာ ပင် ပ င်ပန်းလွန်းသဖြင့် အသား အရေ တယ်မတက်ဘဲ မျက်လုံးများမှာ ဖန်စ ပ်စပ်ဖြစ်ကာ နီကြင့်ကြင့် အရောင်သန်းနေသည် ။ အညာသူပေမယ့် နဂိုဖြူဝင်း စိမ်းစိုသော အသားအရေ ရှိခဲ့သော်လည်း အသားအရေ ခြော က်ခန်းကာ ပိုးဟပ်ဖြူလေးလို သွေးရောင် မရှိဘဲ ဖြစ်နေသည် ။

"လုံမလေး ပြောတာလည်း ဟုတ်တာပဲ၊ ညက ငါ့သမီးက မုဆိုးမသ မီးအဖြစ်နဲ့ ကပြအသုံးခံ တော့'ကျွန်မမှာ အဖေရယ်လို့ ခေါ်စရာမရှိဘူး၊ မိစုံဖစုံ ရှိသူများကတော့ မအေရိုက်ရင် ဖအေက ဝင်ဆွဲ လို့ ၊ ဖအေရိုက် ရင် မအေက ကာဆီးလို့ ၊ ခု ကျွန်မကို အမေရိုက်တော့ ဘယ်သူလာလို့ ဆွဲပါ့မယ် အဖေ ရေ၊ ကျွန်မဖြစ်ပုံ မြင်လှည့်ပါဦး'လို့ ကုန်းဟစ်လိုက် တော့ အမေတောင် မျက်ရည်ဖြိုင်ဖြိုင်ကျမိတယ် လုံမလေးရယ်"

"ညက ကျွန်မ သိပ်လွမ်းတာပဲ၊ မျက်ရည်တွေဘယ်ကဘယ်လိုကျ လာမှန်း မသိဘူး အမေရေ၊ ရေဆွတ်ထားတဲ့ လက်ကိုင်ပဝါတောင် အ သုံးမကျတော့ဘူး"

"မုဆိုးမ အမေကြီး ရိုက်တာက တစ်ချက်၊ နှစ်ချက်ကယ်၊ ဒါပေမဲ့ တ

စ်သက်လုံး အလိုလိုက်လို့ ဆိုးနေတဲ့ နွံ့မူဟန်ကလေးကလည်း မာန်ပါပါ နဲ့ သမီးရဲ့ ဇာတ်ဟန်ကတော့ အတော့်ကို သရုပ်ပါတယ်”

ဟု အမေက ကိုယ့်ငါးချဉ် ကိုယ်ချဉ်လေသည် ။ တကယ်ပင် သည် ညက အမေသည် ခိုင်ကေ သွယ်၏ အမူအရာကို ကြည့်ရင်း မျက်တောင် ခတ်ရန် အသက်ရှူရန်ကိုပင် မေ့သွားလေသည် ။

“ခု အမေ ပျော်ရဲ့ နော်”

ဟု ခိုင်ကေသွယ်က သူ့အမေအား နွဲ့ လိုက်လေ၏ ။ မအေကြီးက ဇာ တ်ထဲ မဝင်ရန် အတန် တန် တားခဲ့သည် ကိုလည်း အမြဲတမ်း အမှတ်ရ နေသည် ။

“ဒီလိုပဲ ပျော်တဲ့ အခါလည်း ပျော်တာပေါ့ သမီးရယ်၊ လူကြီးဆိုတာ ဘယ်နေရာမှာ နေရ နေရ နေလို့ ဖြစ်ပါတယ်၊ အရေးကြီးတာက လုံမ လေး ပျော်ဖို့ ပါပဲ”

“ကျွန်မတော့ ဇာတ်ကနေရရင် ပျော်တာပဲ အမေ”

## (၆)

ခိုင်ကေသွယ်တစ်ယောက် ကျော်မင်းနောင်နှင့် ယူကြတော့မည်ဟု ပြောလာသောအခါတွင် မူ ကား အမေသည် ရင်ဘတ်ထုကာ ငိုကြွေး လေသည် ။

“ညည်းကို ဒါလောက် အဆင်အခြင် ကင်းမဲ့လိမ့်မယ်လို့ အမေတစ်ခါမှ မတွေးမိဘူး”

ဟု နာကြည်းစွာ ဆိုလေသည် ။

"ဆင်ဆင်ခြင်ခြင်တော့ နေတာပဲ၊ ဒါပေမဲ့ သူ့ကို ကျွန်မ ချစ်တယ် အမေရဲ့ "

"ချစ်စရာ ရှားလို့ လားအေ၊ သူ့မလဲ သားကြီး သမီးကြီးတွေနဲ့ ၊ အရင်မယားကြီးဆုံးမှ ယူထားတဲ့ မိန်းမလည်း ရှိသေးတယ် မဟုတ်လားအေ့ "

"အဲ့ဒီမိန်းမနဲ့ က ပြတ်စဲပြီးပါပြီ အမေရဲ့ ၊ ကျွန်မကို သူက တည်တည်တံ့တံ့ လက်ထပ်ယူမှာ ပါ"

"ဘာပဲဖြစ်ဖြစ် ဇာတ်ဆရာဆိုတာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတာ၊ ညည်းတော့ ဒူးနဲ့ မျက်ရည် ကုန်းသုတ်ရမှာ အမေ မြင်မိပါသေးရဲ့ "

အမေက မဲ့ရွဲ့ကာ ဆိုလည်း ခိုင်ကေသွယ်ကား နားမဝင်နိုင်ဘဲ -

"သူက ကျွန်မကို သိပ်ချစ်တာ အမေရဲ့ ၊ ကျွန်မ မျက်ရည်ပေါက်ကြီးငယ် ကျမယ့်အလုပ် သူ ဘယ်တော့မှ မလုပ်ဘူးတဲ့ ၊ ကျွန်မ တစ်သက်စိတ်ချမ်းသာအောင် ထားပါ့မယ်တဲ့ "

"ခုတော့ ပြောသေးတာပေါ့လေ"

"အမေ ဘာပဲပြောပြော ကျွန်မတော့ သူ့ကိုယုံတယ်"

"ယုံပါ၊ ယုံပါ၊ ညည်း ယုံတာ အမေ အပြစ်မဆိုပါဘူး၊ ယုံတယ်ဆိုတာ တို့ မိန်းမတွေ အလုပ်ပဲ၊ ငါလည်း ညည်းအဖေကို ဒီလို ယုံခဲ့တာပဲ၊ ငါ့အမေ ညည်းဘွားအေလည်း သူ့ယောက်ျား ငါ့အဖေကို ယုံခဲ့တာပဲ၊ ဒါပေမဲ့ ငါတို့ ညည်းတို့ ယောကျာ်းက တခြားလူထက် ထူးကဲပြီး ရေပတ်လည်ဝိုင်းနေသော နေရာကို ကျွန်းခေါ်သလို မိန်းမပတ်လည်ဝိုင်းသော လူတွေအေ့။ ညည်း အပျိုပေါက်လေးဖြစ်မှ ညည်း အဖေ မတည်ငြိမ်လို့ ငါ အိမ်ပေါ်က ဆင်းရတာ ဘယ်နှခါလဲ၊ ညည်း မမှတ်မိဘူးလား"

"အမေကလည်း အမေရယ်....အလကားစိတ်ညစ်စရာတွေ ပြောနေတယ်၊ နောင်ခါလာ နောင်ဈေးပဲ"

ခိုင်ကေသွယ်သည် သူ၏ ဆုံးဖြတ်ချက်ကို ဘယ်တော့မှ နောက်ဆုတ်လေ့မရှိသောကြောင့် အမေ့အလိုနှင့် ဆန့်ကျင်ကာ ကျော်မင်းနောင်နှင့် လက်ထပ်ဖြစ်လေသည် ။ ကျော်မင်းနောင်နှင့်ခိုင်ကေ သွယ်တို့ လင်မယားသည် တူနှစ်ကိုယ်တွဲ၍ ဓာတ်ကကြလေသည် ။

အိမ်ထောင်ကျသော်လည်း ခိုင်ကေသွယ်ကို အားပေးကြသော ပရိသတ်ကား လျော့မသွား။ တက္ကသိုလ်တွင် လည်းကောင်း၊ အရာရှိများ ရိပ်သာတွင် လည်းကောင်း၊ စစ်ရိပ်သာတွင် လည်းကောင်း၊ ကပြသောအခါ ခိုင်ကေသွယ်အား တစ်ခဲနက် အားပေးမြဲ အားပေးကြ၏ ။ သည် တော့ ခိုင်ကေသွယ် သည် သူ့ပညာစွမ်းကို ယုံကြည်သည် ထက် ယုံကြည် လာလေ၏ ။

## (၇)

ခိုင်ကေသွယ်သည် သူပြုသော အမှုအတွက် ဘယ်တော့မှ နောင်တရလေ့ မရှိသော်လည်း သည် တစ်ခါတော့ နောင်တကို ရင်ဝယ်ပိုက်မိလေပြီ။

'ဆိုဆိုပေသားရယ်နဲ့ ပျိုနားမထောင်၊ နိမ့် သောင် နောင်မှ သိတယ်လေး....ထုံးရှိလျက်ပေ'လို့ ထိပ်ခေါင်တင် စပ်ဆိုသကဲ့သို့ အမေ ပြောတာမှန်ကြောင်း နိမ့် သောင် နောင်မှ သိခဲ့ရလေသည် ။

ကျော်မင်းနောင်သည် နောက်ပေါက် မင်းသမီးလေးတစ်ဦးနှင့် ဖောက်ပြန်လေသည် ။ အသား ဝါဝါ၊ အရပ်ပျပ်ပျပ်၊ လူပုံခပ်ချောချော၊ မဟာ

နဖူး၊ နှာတံစင်းစင်း၊ ပါးလွှာသော နှုတ်ခမ်းရှိကာ နှုတ်ခမ်း ဖျားတွင် မှဲ့ရှင်တစ်လုံးနှင့် နှုတ်ရေးစကားတတ် ဆိုတတ်လေသော ကျော်မင်းနောင်ကို အဘယ်မိန်းမ က မကျဘဲ ရှိအံ့နည်း

ခိုင်ကေသွယ်အနေနှင့်မူ တက္ကသိုလ်ကျောင်းသား အများ အပြားနှင့် အရာရှိ တော်တော်များ များက အတည်တကျ လက်ထပ်ပေါင်းသင်းပါမည်ဟု ပြော ဆိုသော်လည်း ခိုင်ကေသွယ်က-

"ကျွန်မ မလွတ်လပ်သူပါ"

ဖြောင်ဖွင့်ပြောကာ ငြင်းဆန်လေသည် ။ ခိုင်ကေသွယ်ကား သစ္စာရှိသူတည်း။

ကျော်မင်းနောင်ကား ခိုင်ကေသွယ်၏ သစ္စာတရားကို ယုံကြည်ကာ မစွန့်ရက်နိုင်သော်လည်း သူ့စိတ်ကိုတော့ မထိန်းသိမ်းနိုင်ခဲ့ပေ။ ကျော်မင်းနောင်မှာ စိတ်အလိုလိုက်သူ ဖြစ်၏ ။

ခိုင်ကေသွယ်သည် မျက်ရည်တဖြိုင်ဖြိုင် ကျလျက်နှင့် ဆိုမြဲဆို၊ ကမြဲကခဲ့လေသည် ။ သူ့ဘဝ တွင် အဆိုအကကို ဘယနည်းနှင့်မှ လက်မလွှတ်နိုင်ခဲ့ပေ။ သူသည် သဘင်ပညာအတွက် မွေးဖွားလာ ခဲ့သည် ဖြစ်၍ သဘင်ပညာသည် သူ့ဘဝတွင် အရေးကြီးဆုံးသောအခန်းဖြစ်သည် ။ သို့နှင့် ခိုင်ကေ သွယ်၏ အောင်မြင်ခြင်းသည် အထွတ်တိုင်ခဲ့သည် ။

"ကျွန်မအဖို့ အိမ်ထောင်ရေး ကံမခိုင်ပေတဲ့ သဘင်နယ်မှာ ကံလှတဲ့ မိန်းကလေးတစ်ယောက် ပဲ၊ ဇာတ်ဆရာ ထင်သလို နေနိုင်ပါတယ်၊ ကျွန်မလည်း ကျွန်မ အောင်မြင်မှုအတွက် ကြိုးပမ်းရမှာ ပဲ ဇာတ်ဆရာရေ့"

ဟု အားတင်းဆိုလျက် အစိုးရလွှတ်သော အနုပညာသည် များ နှင့်အတူ နိုင်ငံခြားတွင် ပြပွဲစင် အနှံ့ ရောက်သွားခဲ့လေသည် ။

ကျော်မင်းနောင်နှင့် ရခဲ့သော သမီးလေးကိုမူ အမေနှင့် ထားခဲ့၏ ။ တရုတ်ပြည်သို့ သွားသော အခေါက်တွင် တရုတ် သဘင်အနုပညာသည်များ ၏ လေးစားချီးမြှောက်ခြင်းကို အထူးတလည် ခံခဲ့ရ သည် ။

တရုတ်ပြည်သူလေးများကို ယိုးဒယားအကများ သင်ပြလျက် -

"ဒါက ယိုးဒယားပန်းစိုက်၊ ဒါက သားပိုက်၊ ဒါက ဗောင်းတော်ဆက်"

ဟု နှုတ်မှ ရှင်းပြဆဲတွင် အမေးအစမ်းထူသူလေးများက -

"အဲဒါ ဘာလို့ ဒီလို နာမည် မှ ည့်ခေါ်ရသလဲ"

ဟု စကားပြန်မှ တစ်ဆင့် မေးကြ၏ ။

သည် အခါတွင် ခိုင်ကေသွယ်က စိတ်ရှည်လက်ရှည်နှင့် ရှင်းပြတတ်လေသည် ။ သူ့အသက် အရွယ်လေးနှင့် သဘင်ရည်ဂုသူဖြစ်၍ ခိုင်ကေသွယ်ကို အားလုံးကပင် လေးစားကြလေသည် ။ ခိုင်ကေသွယ်၏ ဖော်ရွေသော အပြုံးကြောင့် အားလုံးက ချစ်ခင်ကြင်နာကြသည် ။

ခိုင်ကေသွယ်၏ ဂုဏ်သတင်းသည် သဘင်လောကတွင် မွေးလျက်ရှိသည် ။ တိမ်ညို ဖုံးအုပ် သော်လည်း ခဏတာမျှ ဖြစ်သည် ။ ငွေစန္ဒာလမင်းကတော့ ထွန်းလင်းတောက်ပမြဲ မဟုတ်ပါလား။

## (၈)

သို့နှင့်ပင် သံယောဇဉ် မပြတ်နိုင်သော ခိုင်ကေသွယ်သည် သူ့ဇာတ်ဆရာ၏ သတင်းကို အဝေး မှ နားစွင့်လျက်ရှိသည် ။ ကျော်မင်းနောင်သည် သူ့ဇာတ်သမလေးကို အိမ်ပေါ်တင်ထားသည် ဟု ကြား သိရသည် ။

ကျော်မင်းနောင်သည် ကလေးမလေးကို အကျအန လက်ထပ်ယူလေသည် တဲ့ ။

ခိုင်ကေသွယ်သည် နိုင်ငံခြားမှ ပြန်ရောက်လျှင်ရောက်ချင်း လေယာဉ်ပျံကွင်းတွင် လာ၍ ကြို သော အမေနှင့် သမီးငယ်လေးကို လက်တွဲကာ အိမ်သို့မပြန်တော့ဘဲ မိမိဇာတိချက်မြှုပ်မြေ အညာ ကျေးလက်သို့ တိုက်ရိုက်ပြန်ခဲ့၏ ။ ဤတွင် ကျော်မင်းနောင်နှင့် ခိုင်ကေသွယ်တို့ ဇာတ်လမ်းသည် စခန်း သိမ်းခဲ့ပြီဖြစ်သည် ။

## (၉)

ခိုင်ကေသွယ်ကား ကောင်းကင်အလယ်တွင် ငွေလသဖွယ် ထွန်းတောက်မြဲပေတည်း။

အပြည်ပြည် တက္ကသိုလ်မှ ဘွဲ့များ ရယူခဲ့ကာ အခါမလပ် ချီးမြှင့်ကြသော ရွှေတံဆိပ်၊ ငွေတံဆိပ်များ လည်း မနည်းတော့ပေ။ အစ်ကို ကာလသား တသိုက်ကြီးကပင် ‘ခိုင်ရေ….ကေရေ….. သွယ်ရေ’ဟု ခေါ်ကာ လိုက်ကြပြန်သည် ။ သည် အခါတွင် ခိုင်ကေသွယ်သည် ‘အချစ်ဆိုရင် ကြောက်ပါ ပြီရှင်’ဟု ဇာတ်ခုံပေါ်မှ ပြုံးမဲ့မဲ့ကလေး ပြောတတ်ရှာလေသည် ။

“ဂုဏ်တွေ ပါဝါတွေရှိတဲ့ ယောကျ်ားလည်း မလိုချင်ပါဘူး၊ ပိုက်ဆံချမ်းသာသူလည်း ဘေးကို ဘေးကိုပဲ၊ အားကစားမောင်လည်း အဝေးကရှောင်၊သွယ် လိုချင်တာကတော့ သွယ့်ကိုသစ္စာရှိရှိနဲ့ ချစ်မယ့်သူပါပဲရှင်”

ဟု တသသ ပြောဆိုကာ တေးသီချင်းကို ဟစ်လေသည် ။

“သွယ့်ကို တကယ်ပဲ ချစ်ကြတယ်လား”

ဟု မျက်လုံးစွေကာ အပြုံးထေ့ထေ့နှင့်ဆိုလိုက်လျှင် ကာလသားတို့ လှုပ်လှုပ်ရွရွ ဖြစ်ကာ-

"ချစ်ပါတယ်.....ချစ်ပါတယ်"

ဟု ငြာသံပေးတတ်ကြလေသည် ။

ခိုင်ကေသွယ်၏ စွမ်းရည်တစ်ရပ်ကား လှုပ်လှုပ်ရွရွဖြစ်လာသော ပရိသတ်ကို တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းနိုင်ခြင်းပင်တည်း။ ခိုင်ကေသွယ်သည် ဖျတ်လတ်သည် ၊ ထက်သည် ။ ပြီးနောက် စိတ်ဆတ်သည် ။

"ဒီလို စည်းကမ်း မရှိရင် သွယ် မကတော့ဘူး"

ဟု ခြောက်လုံးကလေးများ ဖြင့် လှန့်ကာ ပရိသတ်အား မီးကို ရေနှင့် ဖျန်းပက်သည့်ပမာ ငြိမ်စေသည် ။

တစ်ခါကလည်း နယ်စပ် ဘဘစစ်ဆင်ရေးတွင် ကပြရင်း သူ့အားလူလည်လာလုပ်သော စာရေးဆရာ ဆိုသူ တစ်ဦးအား -

"အစ်ကိုကြီးက စာရေးဆရာဆိုတော့ စာရေးတဲ့ ဘက်မှာ ကျွမ်းကျင်ပါလိမ့်မယ်၊ သွယ်ကလည်း မွေးကတည်းက လက်ချိုးလာခဲ့တဲ့ သူပါ၊ ဇာတ်သဘင်ဆိုတာ သွယ့်ဘဝမို့ ထူးပြီးပြောစရာ လိုမယ် မထင်ပါဘူးရှင်"

ဟု ခပ်ပြတ်ပြတ် ဆိုလေ၏ ။

မလိုသူများကမူ ခိုင်ကေသွယ်အား မာနကြီးသည် ဟု ဆိုကြသည် ။ ပြီးနောက်မဟုတ်မမှန် သတင်းများ လုပ်ကြံကာ တီးတိုးဝါဒဖြန့်ခြင်းကို ပြုလုပ်ကြလေသည် ။

'ဒါဟာ ကြောက်စရာကောင်းတဲ့ လူတွေရဲ့ အပြုအမူပေတကား'

ဟု ခိုင်ကေသွယ်က နားလည် လာလေသည်။ တစ်ခုလပ်မလေး ခိုင်ကေသွယ်သည် ပါးစပ် ဆော့သူ လူတို့ ၏ ပါးစပ်ဖျားတွင် သဏ္ဍာန်အမျိုးမျိုးဖြစ်လျက်ရှိသည်။ ကောင်းသော သဏ္ဍာန်တော့ မဟုတ်ပေ။

ဤတွင် ခိုင်ကေသွယ်၏ တွယ်ရာမဲ့ဘဝတွင် ကိုသာထက် ဆိုသူ သစ်တောအရေးပိုင်သား လူ တတ်တစ်ယောက်ပေါ်ပေါက်လာခဲ့လေသည်။ ကိုသာထက်သည် တက္ကသိုလ်ကျောင်းထွက် ဖြစ်သည်။ သဘင်သည်လည်း ဖြစ်ပြန်၊ တစ်ခုလပ်လည်း ဖြစ်ပြန်တော့ ကိုသာထက်၏ မိဘများကား ဘယ်နည်းနှင့် မှ သဘောမတူနိုင်ပေ။ သို့ကြောင့် ကိုသာထက်နှင့် ရုံးတက်လက်ထပ်လိုက်၏။ ကိုသာထက်၏ မိဘ များကား ကိုသာထက်အား အမွေပြတ်ကြောင်း သတင်းစာအစောင်စောင်တွင် ထည့်၍ ကြော်ငြာ လေသည်။

"မပူပါနဲ့ မောင်ရယ်၊ သွယ် မောင့်ကို ဇာတ်က လုပ်ကျွေးမှာ ပေ့ါ"

ဟု ခိုင်ကေသွယ်က ရဲရဲကြီးအားပေးရှာ၏။

"ဘာပဲဖြစ်ဖြစ် မောင်လည်း အလုပ်ရှာမယ်၊ သွယ် ဇာတ်ကနေတာ မောင်မကြည့်ရက်နိုင်ပါဘူး၊ သွယ် အကကောင်းလို့ မောင်က ကြိုက်လာတော့ကာ မောင့်လိုပဲ သွယ့်အက သဘောကျပြီး ကြိုက် ကြမှာ မောင် စိုးတယ်၊ သွယ် ဇာတ်မကပါနဲ့ "ဟု ကိုသာထက်က ပိုင်စိုးပိုင်နင်း ဆိုလေ၏။

ခိုင်ကေသွယ်သည် လေဘာတီမမြရင်၏ တေးသီချင်းကို သွား၍ အမှတ်ရမိသည်။

'မီးရောင်အောက်ကို ဝင်ရင် လူပြက်တွေနဲ့ ပြောတော့ သူ့သဘောက ပင် မကြည်မလင်'ဆို သကဲ့သို့ပင် ဖြစ်လေသလော။ ထို့နောက်'ဝါသနာကို မတားနဲ့ တော့ရှင်၊ ဒီလို နေတာ အများကပင် သနားကြတယ်၊ မြမြရ

င် အစစတွင် သည်းခံတော့ ကိုကိုလင်’ ဟု ဝါသနာ မစွန့်နိုင်သည် ကို ခု နစ်သံ တင်၍ ဟစ်အော်ရမည်လော။

ခိုင်ကေသွယ်၏ ခင်ပွန်းလင်ဟောင်း ဓာတ်ဆရာ ကျော်မင်းနောင် က ရေနံဆီမီးဖိုနှင့် တွဲလျက် နံ့သာဖြူယပ်တောင်၊ ဓာပဝါတို့ ကို လက်ဖွဲ့ပစ္စည်းအဖြစ် ပို့ လိုက်လေသည် ။ အိမ်ထောင်သုံးပစ္စည်း ဖြစ် သော ရေနံဆီမီးဖိုနှင့် ကရန် အသုံးဝင်သော နံ့သာဖြူယပ်တောင် ဓာပဝါကို လက်ဖွဲ့သော အဓိပ္ပာယ်ကား ‘မင်း အဲဒီ ပစ္စည်းနှစ်ခု တစ်ခုခု ရွေးရလိမ့်မယ်၊ မင်း အကကို စွန့်ပြီး အိုးအိမ်ထောင်နဲ့ ပျော်ပျော်ပါးပါး နေမလား၊ ဒါမှ မဟုတ် အကကို မင်ပြီးမင်းရဲ့ အိမ်ထောင်ကို စွန့်ခွာမ လား’ ဟု ဆိုလို ဟန်ရှိလေသည် ။ခိုင်ကေသွယ်မှာ မကြံတတ်အောင် ရှိ ဆဲပင်တည်း။

## (၁၀)

မြင့်ဖူးဝါ ပန်းတကာတို့ သည် ပြာပြာစိမ်းသော ပွင့်တံတို့ နှင့် လည် ဆန့်ကာ မိုးကို မျှော်လျက် ရှိလေသည် ။

မိုးဦးကျပေတော့မည်။ အနောက်တောင်ရာသီ လေသည် ဝေ့ကာယ မ်းကာ တိုက်ခတ် လာလေ သည် ။ ပုလဲငုံ စံပယ်ဖြူတို့ သည် ဝေဝေဆာ ဆာ ဖူးပွင့်ကြလေသည် ။ သည် အခါတွင် မိုးသက်လေနှင့် အတူ မိုးပွင့် များ ကြွေ၍ ကျ လာလေပြီ ဖြစ်သည် ။

မိုးပွင့်များကဲ့သို့ပင် ခိုင်ကေသွယ်၏ မျက်ရည်များ လည်း ကြွေချင်ချ င်ဖြစ်လေသည် ။ သို့သော် အားမာန်တင်းလျက်ရှိသဖြင့် ဝေ့လာသော မျ က်ရည်စကို ပြန်လည်ထိန်းသိမ်းထားနိုင်လေခဲ့ပြီတည်း။

‘တိမ်ညိုဖုံးအုပ်ခံရတဲ့ ငွေသော်တာ လမင်းဟာ ခဏသာ မှေးမှိန်ပေမယ့် သော်တာလမင်း အရောင်ကတော့ ထွန်းတောက်မြဲ ထွန်းတောက်တာပဲ မဟုတ်လားကွယ်၊ လမင်းရဲ့ အသရေက ဘယ် တော့မှ မညှိုးမှိန်ပါဘူး”ခိုင်ကေသွယ်က ကောင်းကင်ကို လှမ်းမော့ကြည့်ကာ တီးတိုး ရေရွတ်လိုက်၏။

မြဝတီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၆၄ ခုနှစ်။

* * *